မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဧပြီဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၃) ၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် ၊ ၂၆-၁၁-၂၀၂၆ ၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဓမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန်နှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်သည်။

(၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို "လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ကြပါစို့"ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေး၌ နေပြည်တော် ကြေညာချက်နှင့် အက်ခ်မက် ဦးစားပေး စီမံကိန်းများ ပြန်လည်သုံးသပ်ရေးဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်တို့ကို အတည်ပြုထုတ်ပြန်သွားမည်ဖြစ်သည်။

(၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို "စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အလားအလာများကို အကျိုးရှိစွာ အသုံးချခြင်းနှင့် သာယာဝပြောသော အနာဂတ်တစ်ခု တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ဗီယက်နမ်နိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး၌ (၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်၊ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အမွေအနှစ်ဆိုင်ရာနှင့် ခေတ်မီကုန်းတွင်းဆိပ်ကမ်းစကြံဆိုင်ရာ အစီအစဉ်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ အညွှန်း

အဲဟတန်အသင်းအား ပွဲအများဆုံးကိုင်တွယ်သည့် နည်းပြအဖြစ် ဒေးဗစ်မိုယက်စ် မှတ်တမ်းဝင်

စာမျက်နှာ ၁၁

ပြည်ပဝယ်လိုအားကြောင့် မတ်ပဲ၊ ပဲစင်းငုံစျေးမြင့်တက်၊ ပြောင်းစျေးလည်း ဝယ်လိုအား ကောင်းနေ

စာမျက်နှာ ၁၃

လွမ်းတေးမဆုံးခင် စာပန်းချီ ခြယ်မှုန်းမိခြင်း(ဆောင်းပါး)

စာမျက်နှာ ၁၄



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့်ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန် မသင့်သည်များကို လိုက်နာဆောင်ရွက်သွားမည်မဟုတ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ★

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/၈လ**

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၂၆ ရက် ၊ ကြာသပတေးနေ့။

ကလေးအရွယ်မှ စတင်ကာ စည်းကမ်းကောင်းမွန်လာရေး လေ့ကျင့်ပျိုးထောင်ပေးရမည်

စည်းကမ်းဟူသည် စိုးမိုးခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ကျိုးနွံစေခြင်းမဟုတ်၊ အရာရာတိုင်းတွင် အစီအစဉ်တကျနှင့် အဆင်ပြေချောမွေ့စေရန် မလိုက်နာ၍မဖြစ်သော ဥပဒေသများသာဖြစ်သည်။ ရွာ၏နယ်နိမိတ်သည် စည်း၊ မြစ်၏ နယ်နိမိတ်သည် ကမ်း၊ လူသားတို့၏ နယ်နိမိတ်သည် စည်းကမ်းသာဖြစ်သည်။

တောင်းနှင့် ကြမ်းတွင် အကွပ်၊ စောင်မှာကလနား၊ ဂီတတွင် စည်းဝါး၊ ကဗျာတွင်ကာရန်၊ လယ်ယာတွင် ကန်သင်း၊ အိမ်တွင် ဝင်းခြံ၊ ရွာမှာ စည်းရိုးနှင့် နိုင်ငံတွင်နယ်နိမိတ်စသည့်ဖြင့် အထိန်းအကွပ်ဟူ၍ သူ့နေရာနှင့်သူ ရှိနေကြသည်။

စည်းကမ်းကို ခါးဝတ်ပုဆိုးလို မြဲမြံစွာစောင့်ထိန်းမှုကြောင့် အကျိုးတရားများခံစားနိုင်မည်ဖြစ်သည်။ ဘုရားအလောင်း ငုံးမင်း၏ အဆုံးအမစည်းကမ်းလမ်းညွှန်မှုကို လိုက်နာခဲ့၍ ငုံးအပေါင်းတို့ မုဆိုးပိုက်ကွန်အတွင်းမှ လွတ်မြောက်ခဲ့ရသည်။

မြန်မာ့သမိုင်း ရာဇဝင်တွင်ပုဂံပြည်ကြီး စည်ပင်သာယာဝပြောမှုကိုပိုင်ဆိုင်ကာ ပထမမြန်မာနိုင်ငံတော် အဖြစ်ရပ်တည်လာနိုင်ခြင်းသည်အနော်ရထာမင်းစော၏ အုပ်ချုပ်ကွပ်ကဲမှုနှင့် ရှင်အရဟံမထေရ်မြတ်၏ အထိန်းအကွပ်လမ်းညွှန်မှုကြောင့် သာဖြစ်သည်။

စည်းကမ်းကို ပစ်ပယ်ထားသဖြင့် ဆုံးရှုံးမှုများဖြစ်စေသော သာဓကလည်းများစွာရှိနေသည်။ ငယ်စဉ်အခါ ပညာရှာရမည့် အချိန်တွင်သတ်မှတ်ထားသော စည်းကမ်းကို မလိုက်နာခဲ့မိ၍ နောက်ဆုံးတွင် ရွာမှနှင်ထုတ်ခံရသည့် ကုဋ္ဌေရှစ်ဆယ်ကြွယ်သူဌေးသားပုံပြင်သည် မြန်မာလူမျိုးတို့တွင် အရွယ်သုံးပါး စည်းကမ်း ဥပဒေ၏ တန်ဖိုးကြီးမားပုံကို ထင်ဟပ်နေပါသည်။ ထို့အပြင် လူငယ်များအဖို့ ငယ်ရွယ်စဉ်က စတင်ကာ ပညာရှာဖွေရမည်ဖြစ်ကြောင်းကို ထောက်ပြနေသည်။

လူသားဟူသည် မွေးဖွားချိန်မှ စတင်ကာ သေဆုံးသည်အထိ စည်းကမ်းနှင့်ကင်းကွာ၍ နေထိုင်လို့ရမည်မဟုတ်ပါ။

အမှန်စင်စစ် စည်းကမ်းဟူသည်မိမိကိုယ်ကို လေ့ကျင့်ဖန်တီးရခြင်းပင်ဖြစ်သည်။ ထိုအရာသည် တစ်ဦးတစ်ယောက်ထဲနေ၍ မဖြစ်နိုင်သော လူသားတို့အတွက် မိမိတစ်ဦးတည်းအတွက် သာမက မိမိပတ်ဝန်းကျင်ကိုပါ အကျိုးသက်ရောက်စေနိုင်သည်။ ထို့အပြင် ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရေး အတွက်မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ကလေးအရွယ်မှ စတင်ကာ စည်းကမ်းကောင်းမွန်လာရေးလေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟု သတ်မှတ်ထားပြီးဖြစ်ရာ စည်းကမ်းနှင့်အညီ နေထိုင်တတ်စေရန် သင်ကြားလေ့ကျင့်ပေးနေသော စာသင်ကျောင်းသည် စည်းကမ်းရှိခြင်း အတွက် ရှေ့ဆောင်ဖြစ်သောကြောင့် မိဘများအနေဖြင့်မိမိတို့၏ ရင်သွေးရတနာများကိုစည်းကမ်းလိုက်နာတတ်အောင် အတန်းပညာသင်ကြားတတ်မြောက်အောင် စာသင်ကျောင်းများသို့ ပို့ဆောင်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်ချင်းတူသော်လည်း မြင်းမိုရ်တောင်နှင့် တောင်ပို့ကွာခြား၏။ အလင်းရောင်ချင်းတူသော်လည်း လမင်းနှင့် ပိုးစုန်းကြူးကွာခြား၏။ လူချင်းတူသော်လည်း စည်းကမ်းရှိသူနှင့် စည်းကမ်းမဲ့သူ မတူနိုင်ပါ။ လူတစ်ယောက်သည် ဆင်းရဲသော်လည်း မိမိကိုယ်ကို စည်းကမ်းနှင့် ထိန်းချုပ်နိုင်ပါက တစ်ချိန်ချိန်တွင် ဘဝအခြေအနေသည် တင့်တယ်လာနိုင်မည်ဖြစ်သည်။

ထို့ကြောင့်ကလေးအရွယ်မှ စတင်ကာ စည်းကမ်းကောင်းမွန်လာရေး မိဘများက လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

မိဘပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) တစ်ခုထက်ပိုမိုကိုင်ဆောင်ထားပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ပြန်လည်အပ်နှံရန် မိဘပြည်သူများ သိရှိဆောင်ရွက်နိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် မကြာခဏအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား e-ID Server တွင် စာရင်းသွင်းပြီးဖြစ်ရာ ယခုအချိန်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခုထက်ပိုမိုကိုင်ဆောင်သူများ၊ အိမ်ထောင်စုလူဦးရေစာရင်း တစ်နေရာမကပါဝင်နေသူများ ရှိနေဆဲဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာမြို့နယ်လဝကရုံးသို့ ကိုယ်တိုင်သွားရောက်၍ ပယ်ဖျက်လိုသည့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများအား (၃၁-၁၂-၂၀၂၆) ရက် နောက်ဆုံးထား၍ ညှိနှိုင်းပယ်ဖျက်ဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

၃။ သတ်မှတ်ရက်ဖြစ်သည့် (၃၁-၁၂-၂၀၂၆) ရက်အထိ ဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း တစ်ခုထက်ပိုမိုကိုင်ဆောင်သူများအား နောက်ဆုံးထုတ်ယူခဲ့သော နိုင်/ ဧည့်/ ပြု ကတ်နှင့် အိမ်ထောင်စုလူဦးရေ စာရင်းကိုသာအတည်ပြု၍ ယခင်ကိုင်ဆောင်ခဲ့သည့် နိုင်/ ဧည့်/ ပြု ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအပိုများအား ပယ်ဖျက်စာရင်းသွင်းခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲ ပြုလုပ်

အမရပူရ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ "ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ (My Library, My World Campaign) အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ "ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်" Every Child a Reader အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲကို ကလေးစာဖတ်ခန်းတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ရှေးဦးစွာ ကလေးများစာဖတ်ခြင်းကို စိတ်ဝင်စားနှစ်သက်လာစေရန်နှင့် ပုံပြင်များမှ တစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်သန္တာထွန်းက ကလေးများအား ပုံပြင်ပြောပြ၍ နားထောင်စေခြင်း၊ ဇာတ်ကောင်အကြောင်းပြောပြခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများမှ ပုံပြင်ပြောစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ကလေးငယ်များ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်လာစေရန်၊ ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ "ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ" (My Library, My World Campaign) အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(လဲ့လဲ့နိုင်)

o-o-o-o-o

စဉ်ကူးမြို့၌ ဌာနဆိုင်ရာများစုပေါင်း၍ တန်ဆောင်မုန်းလပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

စဉ်ကူး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ်ကူးမြို့၌ ဌာနဆိုင်ရာများစုပေါင်း၍ တန်ဆောင်မုန်းလပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပခြင်းကို စဉ်ကူးမြို့အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ယမန်နေ့ညနေပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပခြင်းကို စဉ်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်း၍ ခနုံထုပ်၊ ကြာဇံဟင်း၊ ကြာဇံကြော်၊ ဆန္ဒင်းမကင်း၊ ကျောက်ကျော၊ ဖက်ထုပ်ကြော်၊ မုန့်ကြာလိပ်၊ မုန့်ရေပါး၊ မုန့်လုံးရေပေါ်၊ မယ်ဇလီဖူးသုတ်၊ ကန်စွန်းဥပြုတ်၊ မုန့်ဖက်ထုပ်၊ မုန့်ပဲပြင်၊ မုန့်ကြီး၊ စမူဆာ၊ လဖက်ရည်၊ ကော်ဖီ၊ အအေး အစရှိသည်တို့ကို စတုဒိသာ လှူဒါန်းကျွေးမွေးကြရာ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများနှင့် စဉ်ကူးမြို့ပေါ်ရှိရပ်ကွက်များမှ ပြည်သူများလာရောက် သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

တင်စာလွင်(ပြန်/ဆက်)

၂၅ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily-newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

★ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးဉီးညီစောနှင့် ဒေါ်နန်းခိုနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားရမည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်အခါသမယကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြုင်ပွဲများနှင့် မသိုးရွေကြာသင်္ကန်းရက်လုပ်ပူဇော်ပြုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပ၍ ဖြတ်သန်းခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ ပွဲတော်များ စီစဉ်ကျင်းပရခြင်းသည်လည်း နိုင်ငံအတွင်း နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်အများစုတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဦးဆောင်ဦးရွက်ပြု၍ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသကဲ့သို့ အခြားဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကိုလည်း လေးစားရမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာတရားကို ကိုးကွယ်ယုံကြည်ကြသည်ဖြစ်စေ သက်ဆိုင်ရာဘာသာတရားများ၏ အဆုံးအမများအတိုင်း ထိန်းသိမ်းလိုက်နာကျင့်သုံးသွားကြရန် လိုကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုအပေါ် တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်

လက်ရှိနိုင်ငံ့အခြေအနေများနှင့်ပတ်သက်၍ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲတင်သွင်းခဲ့သည့်အမှုတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)က စီရင်ချက်ချမှတ်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စသည် မိမိတို့နိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲချက်တစ်ခုပင်ဖြစ်ပြီး အဆိုပါအမှုကို တင်သွင်းခဲ့သည်မှ ခုနှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တရားရုံး၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်မှုများကို အချက်အလက်ခိုင်မာစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ လူမျိုးသုဉ်းစေမှု(Genocide) ဟူသည့်အသုံးအနှုန်းအနေဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရားရုံးသို့ စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း လျှောက်လဲချက်များ တင်သွင်းရာတွင် သက်ဆိုင်ရာ အချက်အလက်များ၊ မှတ်တမ်းများနှင့် သက်သေအထောက်အထားများကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့ကြောင်း။

မိမိအနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သဖြင့် နိုင်ငံတော်တွင် ဖြစ်ပျက်နေသည့် ကိစ္စရပ်ပေါင်းသမျှသည် မိမိ၌အဓိကတာဝန်ရှိသည်ဟု ခံယူထားပြီး နိုင်ငံတော်အား ထိပါးလာသည့်ကိစ္စရပ်မှန်သမျှကို လက်ခံဆည်မဟုတ်ကြောင်း၊ **အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ မဲခွဲဆုံးဖြတ်မှုများနှင့် ပတ်သက်၍လည်း တာဝန်သိနိုင်ငံတစ်ခုအနေဖြင့် လုပ်ဆောင်ရန်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်နာရန် မသင့်သည်များကို လိုက်နာ**

❖ မိမိတို့အနေဖြင့် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သဖြင့်လည်း အာဆီယံ၏ ပဋိညာဉ်အတိုင်း အဖွဲ့ဝင်နိုင်ငံများအပေါ် ဆက်လက်ဆက်ဆံဆောင်ရွက်သွားမည်

❖ အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာကြရန်လိုပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကိုလည်း လေးစားကြရန်လို

ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားများအနေဖြင့် နှုန်းထားတစ်ခုတွင် ရောက်ရှိလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ နိုင်ငံခြားငွေများ ကိုင်ထားသူများ ရှိကြပြီး ၎င်းတို့၏ငွေကြေး ဈေးကစားမှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုများနှင့် လဲလှယ်နှုန်း မြင့်တက်ခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးများနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့် ဆောင်ရွက်သွားမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိအနေဖြင့် MSME လုပ်ငန်းများကို စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း နေထိုင်ကြသူများအနေဖြင့် အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကပြည်ပပို့ကုန်တွင် ပါဝင်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်ရေးအတွက်လည်း "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်" ဆိုသည့်အတိုင်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ် ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များ၏အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန် လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေများရရှိစေရေး အခွန်ငွေများကောက်ခံရာတွင် အခွန်နှုန်းထား(Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space) များ ကျယ်ပြန့်လာစေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနယ်ပယ်ကျယ်ပြန့်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာများတိုးမြှင့်ပေးနိုင်ရေးအတွက်လည်း ချိန်ဆဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ပေးမည်ဆိုပါက MSME လုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံများနှင့် ကုန်ထုတ်လုပ်ငန်းများရှိ လုပ်သားများအတွက်နှင့် အငြိမ်းစားလစာ ခံစားနေသူများအပါအဝင် ဘက်ပေါင်းစုံမှ တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံ့စီးပွားရေး တိုးတက်လာစေရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကော်မတီများအနေဖြင့် စနစ်တကျ တွက်ချက်ဆောင်ရွက်နေကြရန် လိုကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

လာမည့်နှစ်ဧပြီလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် မြို့နယ်များအလိုက် မဲစာရင်းများ မှန်ကန်စွာရရှိစေရေး၊ နယ်မြေလုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားပြီး ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ MEVM မဲပေးစက်များဖြင့် မှန်ကန်ကောင်းမွန်စွာ စနစ်တကျ မဲပေးနိုင်ရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ မိမိတို့အနေဖြင့် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သဖြင့်လည်း အာဆီယံ၏ ပဋိညာဉ်အတိုင်း အဖွဲ့ဝင်နိုင်ငံများအပေါ် ဆက်လက်ဆက်ဆံဆောင်ရွက်သွားမည်

❖ အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာကြရန်လိုပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကိုလည်း လေးစားကြရန်လို

❖ လာမည့်နှစ် ဧပြီလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိ

❖ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် မြို့နယ်များအလိုက် မဲစာရင်းများ မှန်ကန်စွာရရှိစေရေး၊ နယ်မြေလုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားပြီး ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်နှင့် အဓိကအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်လို

❖ မဲစာရင်းများ မှန်ကန်မှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ MEVM မဲပေးစက်များဖြင့် မှန်ကန်ကောင်းမွန်စွာ စနစ်တကျမဲပေးနိုင်ရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားကြရန်လို

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွင် အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင်ငွေကြေး ကောက်ခံခြင်းများအား အရေးယူထားရှိမှု အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံးဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ချက်များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများ အနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမျိုးသား ရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ထွက်ခွာခြင်း၊ အခကြေး ငွေဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြု ရှောင်တိမ်းသူများအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ စောင့်ကြည့်ဆင့်ခေါ်ခြင်း ပြုလုပ်နေခြင်းအပေါ် အချို့မြို့ရွာများတွင် မသမာသူများကပါ တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီး ငွေကြေးရယူကာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်း ဝင်ရောက်စေခြင်း၊ အချို့ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြု၍ လစဉ်ငွေကြေးကောက်ခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများ ပြုလုပ်ရန် တရားမဝင် ငွေကြေးကောက်ခံခြင်းများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်ပြီး တရားမဝင် လုပ်ဆောင်နေမှုများသာဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန တို့မှ အထူးအလေးထား စိစစ်ဖော်ထုတ်အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။

တရားမဝင် ငွေကြေးကောက်ခံသူများနှင့် အဓမ္မဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်ဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး၊ စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့အား အရေးယူထားရှိပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူရသည့် ငွေကြေးဆိုင်ရာ (၁၈)မှုတွင် အရေးယူပြီးစီးမှု (၉၁)မှု၊ စိစစ်ဆဲ(၅၆)မှု၊ မမှန်မကန်တိုင်ကြားမှု (၃၅)မှုနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ (၄၃)မှုတွင် အရေးယူပြီးစီးမှု (၁၇)မှု၊ စိစစ်ဆဲ (၁၄)မှု၊ မမှန်မကန် တိုင်ကြားမှု (၁၂)မှုရှိခဲ့ပြီး ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီး ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျလုပ်ဆောင်စေရေး အလေးထားကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူအစားထိုး ဆင့်ခေါ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် တရားမဝင် ငွေကြေးကောက်ခံခြင်းများ လျော့နည်းပပျောက်စေရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်းများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သတင်းပေးတိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များအား သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို မကွေးမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးဆီဖူလုံရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး

မကွေး နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၃ ရက်နံနက်ပိုင်းက မကွေးမြို့နယ်၊ ကံလှကျေးရွာအနီးရှိ Good Brothers' Co.,Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါ ကုမ္ပဏီရှိ ပဲမျိုးစုံနှင့် နှမ်းသီးနှံ အရည်အသွေးခွဲခြားသန့်စင်စက်ရုံသို့ ရောက်ရှိရာ ကုမ္ပဏီတာဝန်ရှိသူက တစ်နာရီလျှင် ၅ တန် (5Mt/h)ကျ အရည်အသွေးခွဲခြားသန့်စင်နိုင်သည့် ပဲမျိုးစုံသန့်စင်စက်နှင့် နှမ်းသန့်စင်စက်များ တပ်ဆင် ဆောင်ရွက်ထားရှိမှု၊ အကျိုးတူ လယ်ယာစနစ် (Contract Farming)ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ (GAP) ဖွံ့ဖြိုးရေး ကူညီပံ့ပိုးပေးနေမှုနှင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ တင်ပို့ ရောင်းချနေမှုအခြေအနေများကို ရှင်းလင်း တင်ပြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးမီ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် တောင်သူများအတွက် လိုအပ်သည့် သွင်းအားစုနှင့် နည်းပညာများ ပံ့ပိုးပေးနိုင်ရေး လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံသို့ ပဲ၊ နှမ်းသီးနှံများ လာရောက်ရောင်းချလျက်ရှိသော ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှုတ်ဆက်အား ပေးစကားပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာအခက်အခဲနှင့် လိုအပ်ချက်များကို မေးမြန်းကာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် Good Brothers' Co.,Ltd ၏ စားသုံးဆီစက်နှင့် ဆီသန့်စင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအတွင်း ပဲ၊ နှမ်းသန့်စင်ဆောင်ရွက်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ကုန်ကြမ်းသီးနှံများ စဉ်ဆက်မပြတ်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် သန့်ရှင်းသပ်ရပ်၍ အရည်အသွေးပြည့်မီသော စားသုံးဆီများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ အပေါ်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူးရ၍ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှ တစ်ဆင့် သွင်းကုန်တင်သွင်းသူ (Importer) များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ အောက်တိုဘာလအထိ FX Market Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂,၁၆၉.၈) သန်း၊ တရုတ်ယွမ် (၁,၈၉၂.၄) သန်း၊ ထိုင်းဘတ် (၆,၅၇၆.၂) သန်း၊ အိန္ဒိယရူပီး (၇၄.၅) သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၂၅၅.၄) သန်း၊ တရုတ်ယွမ် (၈၉.၉) သန်း၊ ထိုင်းဘတ် (၇၆၂.၆) သန်း၊ အိန္ဒိယရူပီး (၁၃.၃) သန်းခန့်တို့အား ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ အောက်တိုဘာလ အထိ စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁,၇၀၂.၄) သန်းခန့်အား ရောင်းချပေးခဲ့ပြီး နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ (၁၃၀.၈) သန်းခန့်ကို Market Trading Rate (ကျပ် ၃၆၆၀) ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အနာဂတ်ဘဝလုံခြုံစိတ်ချစေဖို့
အမှိုက်လျှော့ချကြပါစို့။

အမရပူရမြို့နယ်အနောက်ဘက်တွင် အင်အား ၃ ဒသမ ၆ အဆင့်ရှိ မြေငလျင် လှုပ်ခတ်

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေးမြို့အနီး အမရပူရမြို့နယ်၏ အနောက်ဘက် ၃ မိုင်ခန့်အကွာကို ဗဟိုပြု၍ ယနေ့ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် အင်အား ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၃ မိနစ် ၄၈ စက္ကန့်တွင် လှုပ်ခတ်ခဲ့သည့် အဆိုပါ မြေငလျင်သည် မန္တလေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၂ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



‘ရုရှား-အရှေ့’ အပြည်ပြည်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ ဒုတိယဝန်ကြီး ဦးအေးထွန်း ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည့် (၅)ကြိမ်မြောက် ‘ရုရှား-အရှေ့’ အပြည်ပြည်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲတော်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အစိုးရ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် ရာရှစ် ဗာဂါပေါ့ဗ် အထိမ်းအမှတ် တာတာယဉ်ကျေးမှု အများပြည်သူ ဖောင်ဒေးရှင်းက ဦးဆောင်၍ အရှေ့တိုင်းယဉ်ကျေးမှုများအကြား တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် နိုင်ငံတကာ ဆက်သွယ်မှုများကို ပိုမိုခိုင်မာလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အာရှ၊ အရှေ့ဥရောပ၊ အာဖရိကနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံအတွင်းရှိ ပြည်နယ်များအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော် တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၁ ရက်တွင် ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ကာဇန်မြို့ရှိ ပိရမစ် ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေးစင်တာ (KRK Piramida)၌ ကျင်းပသည့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့မှ အနုပညာရှင်များက ပုဂံခေတ်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ တက်ရောက်လာသော ဧည့်သည်တော်များက နှစ်သက်စွာအားပေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၂၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ဒုတိယဝန်ကြီး မစ္စ ဒီနာ ဂါရာယေဗာနှင့် တွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားပြတိုက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ကိစ္စ၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် (၆)ကြိမ်မြောက် ‘ရုရှား-အရှေ့’ အပြည်ပြည်ဆိုင်ရာ အမျိုးသားယဉ်ကျေးမှုပွဲတော်သို့ မြန်မာနိုင်ငံအား တရားဝင် ထပ်မံဖိတ်ကြားသွားမည့်ကိစ္စနှင့် ၂၀၂၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ကာဇန်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံမှ ရုပ်ရှင်တစ်ကား ပါဝင်ပြသနိုင်ရေး ဖိတ်ကြားလိုသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာစည်ပင်သာယာရေးဖိုရမ်-၂၀၂၆ သို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဦးကံမြင့်သန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၌ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် နိုင်ငံတကာစည်ပင်သာယာရေးဖိုရမ်-၂၀၂၆ (International Municipal Forum 2026)သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးကံမြင့်သန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



အဆိုပါဖိုရမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ Roscongress ဖောင်ဒေးရှင်းနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ယခုနှစ်ဖိုရမ်ကို ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြအသွင်ကူးပြောင်းမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရေးဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်သို့ နိုင်ငံပေါင်း (၄၀) ကျော်မှ ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များ ပါဝင်တက်ရောက်ကြသည်။ ဖိုရမ်၌ နိုင်ငံတကာဆက်ဆံရေး၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးနှင့် ဆန်းသစ်တီထွင်မှု၊ လူစွမ်းအားအရင်းအမြစ်နှင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များစသည့် ကဏ္ဍ (၅)ခုဖြင့် ဆွေးနွေးပွဲ (၂၅)ခုခန့် ကျင်းပခဲ့ပါသည်။ ထို့အပြင် မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် ဆန်းသစ်တီထွင်သော စီမံကိန်းများကို ပြသသည့် ပြပွဲတစ်ခုကိုလည်း ပူးတွဲ ကျင်းပလျက်ရှိသည်။ **(ဝဲပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးကံမြင့်သန်း ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးခင်မောင်အေးနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းမင်းလတ်တို့ပါဝင် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အသိပညာပေးဟောပြောပွဲ ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၂၅

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်နိုင်မှုများ၊ ပညာရေးနှင့် လူမှုဘဝအပေါ် သက်ရောက်လာနိုင်သည့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်စေရန် ရှောင်ကြဉ်လိုက်နာသင့်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး သုတ၊ ရသ စာအုပ်၊ စာစောင်များကို ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)

အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

ကာလိ နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့၌ ဥာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲ၊ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူအောင်က ကျောင်းသား လူငယ်များ အသိပညာ ဗဟုသုတ တိုးပွားစေရန်၊ စာကြည့်တိုက်သို့ လာရောက်ပြီး စာအုပ်၊ စာစောင်များ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဥာဏ်ရည်၊ ဥာဏ်သွေးတိုးတက်ကောင်းမွန်စေရန် ပြိုင်ပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဥာဏ်စမ်းပဟေဋ္ဌိပြိုင်ပွဲကို ကျင်းပရာ ကာလိမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ ပြီးပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ ဒုတိယဦးစီးမှူးက စာပေဖတ်ရှုခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေငါးသန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရီ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ် မပြတ် စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်နေ့မှစ၍ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက် ဖူးမြော်ကြည်ညိုကြရာ ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၄ ရက် ညတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မှ လာရောက်ဖူးမြော်သည့် ဇနီးမောင်နှံသည် ဦးရေငါးသန်း ပြည့်မြောက်သည့် ကံထူးရှင်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေငါးသန်းမြောက် ဘုရားဖူးလာပြည်သူ ဇနီးမောင်နှံအား ဥာဏ်တော်ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်သားဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံတော်တူ ဆင်းတုတော် တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းပုံတော် တစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် မြန်မာ၊ အင်္ဂလိပ်ဘာသာ စာအုပ်နှစ်အုပ်တို့ကို အမှတ်တရဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဝမ်းပျက်ဝမ်းလျောရောဂါ ကာကွယ်နိုင်စေရန် ကလိုရင်းဆေးခပ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၅

မဟာအောင်မြေမြို့နယ်အတွင်း ပုံမှန်ဝမ်းပျက်ဝမ်းလျောရောဂါကာကွယ်နိုင်စေရန် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်များသို့ ကွင်းဆင်း၍ ရေလှောင်ကန်များကို ကလိုရင်းဆေးခပ်ခြင်းများ၊ ရေသန့်ဆေးပြားခပ်ခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကျန်းမာရေးနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဇော်ဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ကလိုရင်းဆေးခပ်ခြင်းများ၊ ရေသန့်ဆေးပြားခပ်ခြင်းများနှင့် ကျန်းမာရေးပညာပေးခြင်းများကို မဟာအောင်မြေမြို့နယ်တွင် စုဖွဲ့၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးကာ ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

ချောက်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



ချောက် နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ရပ်ရွာအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁၂)ရပ်ကွက် ဆုတောင်းပြည့်မွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝင်းအိမွန်က ကျင်းပရခြင်း၏ ရည်ရွယ်ချက်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးတို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦး၊ လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ဒေါ်နုနုအောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထက်အောင်နိုင်တို့က ဌာနအလိုက်ဆောင်ရွက်ပေးလျက်ရှိသော ရပ်ရွာအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ၊ ဒေသအတွင်း လိုအပ်သည့် အကြောင်းအရာများ မေးမြန်းကြပြီး ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါရပ်ကွက်နေပြည်သူများ၏ တင်ပြချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးကြသည့် တာဝန်ရှိသူတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ မြို့ပေါ်ရပ်ကွက်နေပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများ စုစုပေါင်း (၁၅၀)ဦး တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက တက်ရောက်လာသူများအား စာအုပ်ပြပွဲ၊ မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ အယ်လ်နီညိုကြိုတင်ကာကွယ်ရေး နံရံကပ်စာစောင်ပြသခဲ့ရာ ပြည်သူများက စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

၀-၀-၀-၀-၀

နိုင်ငံတကာတရားရုံး(ICJ)၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများရှိခဲ့သည်ဟုဆိုပြီး မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားသည့်အမှုကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ရာ (genocide)လူမျိုးသုဉ်းသတ်ဖြတ်မှုမြောက်သည်ဟု (ICJ)တရားရုံးက တစ်ဖက်သတ် ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သည့် ဒေသခံတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့် အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက်များအား တုံ့ပြန်ခဲ့သည့် စစ်ဆင်ရေးတစ်ခုသာဖြစ်သည်။ အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် မြို့ရွာအိုးအိမ်များ ပျက်စီးခဲ့ရပါသည်။ ဒေသတွင်းနေထိုင်သူများနှင့် ဘင်္ဂါလီများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့်ဖြစ်စဉ်များကို မှတ်တမ်းမှတ်ရာများဖြင့် တိကျစွာ လျှောက်လဲတင်ပြခဲ့ပြီး ဖြစ်ပါသည်။

၃။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မတရားစွပ်စွဲခံရခြင်းသာ ဖြစ်ပါသည်။ အပြီးသတ်အမိန့်မချမှတ်ခင် ကြားဖြတ်အမိန့်များ ချမှတ်စဉ်ကတည်းက ညွှန်ကြားချက်များကို တိကျစွာ နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။ ယခုကိစ္စနှင့်ပတ်သက်၍ အပြီးသတ်အမိန့်ချမှတ်ခဲ့ရာတွင် တရားသူကြီး(၁၅)ယောက်တွင် တရားသူကြီး(၉)ယောက်က သဘောတူညီခဲ့ပြီး တရားသူကြီး(၆)ယောက်က သဘောမတူဘဲ ကန့်ကွက်ခဲ့သည်။ တရားသူကြီးအားလုံးက ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ကြောင်း သိရှိရပါသည်။ (ICJ)တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုလုံးဝမရှိကြောင်း ထင်ရှားပေါ်လွင်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားအတွက် ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းသွားမည်ဖြစ်ပြီး အပြီးသတ်အမိန့်ချမှတ်ခဲ့သည့် အမှုသည် တရားမျှတမှုလုံးဝ(လုံးဝ)မရှိပါသဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)

မြို့နယ်မီးသတ်စခန်းအား ကြည့်ရှုစစ်ဆေး

ပုသိမ်ကြီး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မီးသတ်စခန်းသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်သော ခရိုင်စစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စခန်းစစ်ဆေးရာတွင် တပ်ဖွဲ့ဝင်များ ဝတ်စားဆင်ယင်မှုစစ်ဆေးခြင်း၊ မီးသတ်ယာဉ်စက်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရုံးလုပ်ငန်းများ စည်းစနစ်ကျမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ စခန်း၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပမှု ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဌာနတာဝန်ရှိသူများ၏ လမ်းညွှန်ချက်များ ချပြခြင်း၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားအောင် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြီးကြပ်ရန်နှင့် ကျန်းမာရေးအထူးဂရုပြုနေထိုင်ကြရန်၊ မီးသတ်ယာဉ်စက်များ သင့်(၄)သင့်ဖြစ်အောင် စီမံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(ရွှေရန်ကင်း)**

တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးအဖွဲ့ဝင်များနှင့် အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိပြီး ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် နိုဝင်ဘာ ၂၅

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ထိခိုက်သေဆုံးမှုများနှင့် ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း/တံတားများ၊ စွေးများ၊ ဘဏ်များ၊ လျှပ်စစ်ရုံးများ၊ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက် ည ၈ နာရီ မိနစ် ၃၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ မြောက်ဘက် မိတာ ၃၀ ခန့်အကွာ အများပြည်သူ သွားကားလမ်းမဘေးဌ မသင်္ကာဖွယ်ရာ ကျောပိုးအိတ်တစ်လုံး တွေ့ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားခဲ့သော မိုင်းပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါမိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် တံတားဦးမြို့နေ ဦးသက်ဆွေငြိမ်း (၄၅) နှစ် (ဘ) ဦးမာကြည်၊ ဦးအေးမောင် (၃၅) နှစ် (ဘ) ဦးသန်းထွန်းမင်း။ ဦးသိန်းဆွေ (၅၇) နှစ် (ဘ) ဦးလှအောင်၊ ဦးအောင်ကိုမြတ် (၄၈) နှစ် (ဘ) ဦးဆန်းအောင်၊ ဦးစောသန်း (၇၁) နှစ် (ဘ) ဦးမြခင်တို့တွင် မိုင်းစထိမှန့် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြရာ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တံတားဦး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ဦးသိန်းဆွေ (၅၇) နှစ် (ဘ) ဦးလှအောင်သည် ဆေးရုံ၌ ဆေးကုသမှုခံယူစဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အများပြည်သူ သွားလာနေသည့် လမ်းများပေါ်တွင် လက်လုပ်မိုင်းမျိုးစုံထောင်ခြင်း၊ အဝေးမှမိုင်းဆွဲ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်းနှင့် ယခုကဲ့သို့ လူမဆန်သည့် လုပ်ရပ်များကို ယုတ်မာစွာ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အများပြည်သူသွားကားလမ်းမကြီးဘေးတွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာ





မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာ။

ကျောပိုးအိတ်အတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းအားတွေ့ရှိရမှု။



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ တစ်ဦး သေဆုံးမှု။







မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများရရှိမှုကို တွေ့ရစဉ်။

အမှတ်(၇၂)အစုန် ပြည်-ရန်ကုန် လူစီးအမြန်ရထားဖြင့် လူကြိတ်မိသေဆုံးမှု

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေစွာ သွားလာနိုင်စေရေး အတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များ၊ လေအိတ်ရထားတွဲဆိုင်းများဖြင့် လူစီးအမြန်ရထားများ အစုန်/အဆန် ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၇၂)အစုန်(ပြည်-ရန်ကုန်) လူစီးအမြန်လေအိတ်ရထားသည် ယနေ့ နံနက် ၂ နာရီ ၁၆ မိနစ်တွင် ဥက္ကံဘူတာမှ ထွက်ခွာလာပြီး တိုက်ကြီးမြို့နယ် ဥက္ကံဘူတာနှင့် ဖလုံဘူတာကြား မိုင်တိုင်အမှတ် ၅၆/၄ နှင့် မိုင်တိုင်အမှတ် ၅၆/၃ ကြားသို့ နံနက် ၂ နာရီ ၁၉ မိနစ်အချိန် ရောက်ရှိဖြတ်သန်းစဉ် ရထားသံလမ်း အလယ်တွင် အိပ်ပျော်နေသည့် အမျိုးသား တစ်ဦးအား ရထားဖြင့် ကြိတ်မိခဲ့ရာ ဝဲဘက် လက်တံတောင်ဆစ် အောက်မှပြတ်၊ ဦးခေါင်းယာဘက် ချိုစောင်းပေါက်ပြဒဏ်ရာတို့ဖြင့် ဖြစ်ပွားရာနေရာ၌ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ရထားဖြင့် လိုက်ပါလာသည့် ရထားလိုက်လုံခြုံရေးရဲအုပ်ဦးစီးအဖွဲ့သည် နယ်မြေခံ ဥက္ကံမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး စခန်းမှူးရဲအုပ်ဦးစီး (၇) ဦးတို့သည် နံနက် ၃ နာရီတွင် ရောက်ရှိစစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးရဲဇာနည် အသက်(၄၀) နှစ် (ဘ) ဦးခင်မောင်မြင့် မှတ်ပုံတင် မရှိ ပနီပင်ကျေးရွာ ဥက္ကံမြို့ နေထိုင်သူဖြစ်ကြောင်း သိရှိရသည်။

သေဆုံးသူအား ဥက္ကံမြို့ ငြိမ်းအေးချမ်းသာလူမှုကူညီရေး အသင်းယာဉ်ဖြင့် ဥက္ကံတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဖြစ်စဉ် နှင့်ပတ်သက်၍ ဥက္ကံမြို့မရဲစခန်းတွင် သေမူသေခင်းအမှတ် (၁၅၅/၂၀၂၆) ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အမှတ်(၇၂) အစုန်လူစီး အမြန်ရထားသည် ဖြစ်ပွားရာနေရာတွင် ၄၆ မိနစ်ကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းအရှိုး နေထိုင်ကြသည့်ဒေသခံပြည်သူများအနေဖြင့် ရထားလမ်းပေါ်နှင့် ရထားလမ်းအနီး စည်းကမ်းမဲ့ ဖြတ်သန်းသွားလာမှုများကြောင့် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်စားပြီး ရထားလမ်းပေါ်တွင် အိပ်စက်ခြင်းများကြောင့်လည်းကောင်း မတော်တဆမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုကဲ့သို့ လူသေဆုံး/ထိခိုက်ဒဏ်ရာရရှိခြင်းများ ကြုံတွေ့နေရသဖြင့် မြန်မာ့မီးရထား မှတာဝန်ရှိသူများနှင့် ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရထားလမ်းအနီးရှိ ကျေးရွာ၊ ရပ်ကွက်နှင့် မြို့နယ်များတွင် လူထုအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်မခံစာစောင်များ ဖြန့်ဝေခြင်း၊ ဘူတာများရှိ ကြော်ငြာသင်ပုန်းများတွင် အသိပေး ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ "ရထားအန္တရာယ် ကင်းရှင်းရေး နှင့်ပတ်သက်၍ သိရှိလိုက်နာရမည့် အချက်များ" ကို ပြည်သူအားလုံး ကအထူးအလေးထား လိုက်နာကြရန်လိုအပ်ကြောင်း မြန်မာ့မီးရထား မှ သိရသည်။

သတင်းစဉ်



ဥက္ကံဘူတာနှင့် ဖလုံဘူတာအကြား အမှတ်(၇၂) အစုန် ပြည်-ရန်ကုန် လူစီးအမြန်ရထားဖြင့် လူကြိတ်မိသေဆုံးမှု မှတ်တမ်းဓာတ်ပုံ။

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဒီပ်ဆိခ် တည်ထောင်သူ လျန်ဝမ်ဖန်း၏ ကြွယ်ဝချမ်းသာမှု အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံသို့ မြင့်တက်ရောက်ရှိလာ

ပေကျင်း နိုဝင်ဘာ ၂၅



တရုတ်ဥာဏ်ရည်တုနည်းပညာလုပ်ငန်းသစ် ဒီပ်ဆိခ် တည်ထောင်သူ လျန်ဝမ်ဖန်း၏ ကြွယ်ဝချမ်းသာမှုသည် ကုမ္ပဏီ၏ နောက်ဆုံးအကြိမ် ရန်ပုံငွေရှာဖွေမှုအပြီးတွင် ၄၅ ရာခိုင်နှုန်း မြင့်တက်လာကာ အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ကမ္ဘာ့အချမ်းသာဆုံး ဥာဏ်ရည်တုနည်းပညာ မော်ဒယ်တီထွင်သူအဖြစ် ၎င်း၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေခဲ့ကြောင်း ဘလွန်းဘာ့ဂ်သတင်းဌာနက ဖော်ပြသည်။

ဟန်ကျိုးမြို့အခြေစိုက် အဆိုပါ ဥာဏ်ရည်တုနည်းပညာ ကုမ္ပဏီသည် မကြာသေးမီက တရုတ်စက်မှုလုပ်ငန်းရှင်ကြီးများအပါအဝင် ရင်းနှီးမြှုပ်နှံသူများထံမှ ရန်ပုံငွေ ယွမ် ဘီလီယံ ၁၀၀ ခန့် (အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ) ရရှိခဲ့ရာ ကုမ္ပဏီ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။

ယခုနှစ်အစောပိုင်းမှစ၍ ၎င်း၏ အသားတင်ကြွယ်ဝမှုသည် သုံးဆကျော်အထိ တိုးပွားလာခဲ့ပြီး ၎င်းနှင့် ပြိုင်ဘက် အမေရိကန် အခြေစိုက် ဥာဏ်ရည်တုနည်းပညာ တည်ထောင်သူများအကြား ကြွယ်ဝချမ်းသာမှု ကွာဟချက်ကို ပိုမိုကျယ်ပြန့်လာစေခဲ့ကြောင်း သိရသည်။

Mon

မလေးရှားလေကြောင်းတွင် ဂျက်လေယာဉ်သစ်များတိုးမြှင့်ရန် ဘိုးရင်း ၇၀၇ ဒရင်းမ်လိုင်နာ လေယာဉ် ၁၀ စင်း ဝယ်ယူသွားမည်



ကွာလာလမ်ပူ နိုဝင်ဘာ ၂၅

မလေးရှားလေကြောင်းလိုင်းသည် ၎င်း၏ လေယာဉ်အုပ်စုကို မျိုးဆက်သစ် ဂျက်လေယာဉ်များဖြင့် အဆင့်မြှင့်တင်ရန် ဘိုးရင်း ၇၈၇ ဒရင်းမ်လိုင်နာ လေယာဉ် ၁၀စင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ၇၈၇-၁၀ လေယာဉ်များ ဝယ်ယူမှု သဘောတူညီချက်အရ နိုင်ငံပိုင်လေကြောင်းလိုင်း၏ မိခင်ကုမ္ပဏီ ဖြစ်သော အမ်အေဂျီအနေဖြင့် နောက်ထပ် လေယာဉ်ခြောက်စင်း ထပ်မံဝယ်ယူခွင့် ရွေးချယ်စရာလည်း ပါဝင်ကြောင်း ဥက္ကဋ္ဌ နာဆာရူဒင်အေ ဘာကာက ပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့် အကဲဖြတ်စီစစ်မှု လုပ်ငန်းစဉ်များ လုပ်ဆောင်ပြီးနောက် ၇၈၇ ဒရင်းမ်လိုင်နာသည် မိမိတို့၏ ရေရှည်တိုးတက်မှုကို ပံ့ပိုးပေးရန် လိုအပ်သည့် တင်ဆောင်နိုင်စွမ်း၊ လိုက်လျောညီထွေရှိမှုနှင့် စွမ်းဆောင်ရည်တို့ကို ပေးစွမ်းနိုင်သဖြင့် မလေးရှားလေကြောင်းလိုင်းအတွက် အသင့်တော်ဆုံး ရွေးချယ်မှုအဖြစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

o–o–o–o–o

တရုတ်နိုင်ငံတွင် တက်ဧလာထုတ်လုပ်မှုများ တိုးမြှင့်သွားမည်ဟု အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်က ထုတ်ဖော်ပြောကြား

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံတွင် ထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်သွားမည်ဟု တက်စ်လာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်က နိုဝင်ဘာ ၁၉ ရက်တွင် တရုတ်နိုင်ငံတကာကုန်သွယ်မှုမြင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ ရန်ဟုန်ပင်းနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းကတိကဝတ်သည် တက်စ်လာအတွက် အဓိကကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ရေးနှင့် ပို့ကုန်ဗဟိုချက်တစ်ခုအဖြစ် ရှန်ဟိုင်း ဂီဂါစက်ရုံ၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။ လက်ရှိတွင် အဆိုပါစက်ရုံသည် တစ်နှစ်လျှင် မော်တော်ယာဉ် အစီးရေ ၉၅၀,၀၀၀ ကျော် ထုတ်လုပ်နိုင်စွမ်းရှိပြီး စုစုပေါင်း အစိတ်အပိုင်းများ၏ ၉၈ ရာခိုင်နှုန်းမှာ ပြည်တွင်းမှ ရယူသုံးစွဲခြင်းဖြစ်သည်။

ဇူလိုင်လအထိတက်စ်လာသည် ကမ္ဘာတစ်ဝန်းတွင် လျှပ်စစ်မော်တော်ယာဉ် အစီးရေ ၁၀ သန်းကျော် ထုတ်လုပ်ခဲ့ပြီး ယင်းတို့အနက် အစီးရေ ၄ ဒသမ ၅ သန်းကျော်ကို ရှန်ဟိုင်း ဂီဂါစက်ရုံတွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါစက်ရုံမှ ဥရောပ၊ တောင်ကိုရီးယားနှင့် ဩစတြေးလျတို့ အပါအဝင် ပြည်ပဈေးကွက်များသို့လည်း မော်တော်ယာဉ်များ တင်ပို့လျက် ရှိကြောင်း သိရသည်။

Mon



စပမ်ဒ်ခ် မကော ကြက်တူရွေးမလေးမွေးမွှားလာရန်အတွက် ဆောပေါ်လို တိရစ္ဆာန်ဥယျာဉ်၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရ

ဘရာဇီးလီးယား နိုဝင်ဘာ ၂၅

သီတင်းပတ်ပေါင်းများစွာ စိုးရိမ်တကြီး စောင့်ဆိုင်းခဲ့ရပြီး နောက် သေးငယ်သောအပြာရောင် ငှက်ပေါက်စလေးတစ်ကောင် ဥခွံအတွင်းမှ ဖောက်ထွက်လာချိန်တွင် ဘရာဇီးနိုင်ငံ ဆောပေါလို တိရစ္ဆာန်ဥယျာဉ်မှ ထိန်းသိမ်းစောင့်ရှောက်သူများသည် သဘာဝတောရိုင်းအတွင်းမှ မျောက်ကွယ်သွားပြီဖြစ်သော မျိုးစိတ်တစ်ခုအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာခြင်းအဖြစ် ရှုမြင်ခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



မျှော်လင့်ချက်ဟု လိုက်ဖက်စွာ အမည်ပေးထားသည့် အောက်တိုဘာလတွင် မွေးဖွားခဲ့သော အဆိုပါ စပစ်ခ်စ် မကော ကြက်တူရွေးမလေးသည် ကမ္ဘာ့အရွားပါးဆုံး ကြက်တူရွေးမျိုးစိတ်များအနက် တစ်ခုဖြစ်သည့် ယင်းမျိုးစိတ်၏ အကောင်ရေ ပြန်လည်တိုးပွားလာစေရန် ရည်ရွယ်သည့် သားဖောက်မွေးမြူရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

အဆိုပါငှက်မျိုးစိတ်သည် ၂၀၁၁ ခုနှစ်က ထွက်ရှိခဲ့သည့် ရီယို အန်နီမေးရှင်းရပ်ရှင် ဇာတ်ကားတွင် မိမိ၏မျိုးစိတ်ကို ကယ်တင်ရန် ခရီးထွက်ခဲ့သည့် အိမ်မွေး စပစ်ခ်စ် မကော ကြက်တူရွေး အဓိကဇာတ်ကောင် ဘလူးအဖြစ် ဖန်တီးခံရပြီးနောက် နိုင်ငံတကာတွင် ကျော်ကြားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



ပီယက်နမ် တောင်နှင့်မြောက် မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်း ၂၀၂၈ ခုနှစ် နှောင်းပိုင်းတွင် စတင်တည်ဆောက်ရန် ရည်မှန်းထား

ဟနွိုင်း နိုဝင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံသည် ၂၀၂၈ ခုနှစ် နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၄ ဘီလီယံ တန်ဖိုးရှိ တောင်-မြောက် မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်းကို စတင်တည်ဆောက်ရန် ရည်မှန်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ထန်လောင်း စီမံကိန်းစီမံခန့်ခွဲမှုဘုတ်အဖွဲ့သည် စီမံကိန်း၏ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုအတွက် ကန့်ထရိုက်တာရွေးချယ်မှုရလဒ်များကို အတည်ပြုခဲ့ပြီး တင်ဒါအောင်မြင်သည့် လုပ်ငန်းစုအနေဖြင့် လုပ်ငန်းများကို လပေါင်း ၃၀ အတွင်း အပြီးသတ်ဆောင်ရွက်ရန် မျှော်မှန်းထားသည်။

အတိုင်ပင်ခံ လုပ်ငန်းစုအနေဖြင့် စာချုပ်သက်တမ်းကာလအတွင်း အဓိကမှတ်တိုင် လေးခုကို ပြည့်မီအောင် ဆောင်ရွက်ရမည်ဟု ထိုအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူး ငုယင်ထစ္ဆန်ဆွန်က ပြောကြားကြောင်း သိရသည်။

Mon

တရုတ်ရှန်ကျီး (၂၄)အာကာသယာဉ် ထျန်းကုန်းအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် ရှန်ကျီး(၂၄) အာကာသယာဉ်သည် နိုဝင်ဘာ ၂၅ရက် ပေကျင်းစံတော်ချိန်နံနက် ၁၁ နာရီ ၅၆ မိနစ်တွင် ထျန်းကုန်းအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်ခဲ့ကြောင်း တရုတ်နိုင်ငံ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအာကာသယာဉ်သည် ထျန်းကုန်းအာကာသစခန်း၏ ပင်မအခန်းဖြစ်သည့် ထျန်းဟယ်၏ အရှေ့ဘက် ချိတ်ဆက်ပေါက်နှင့် အလိုအလျောက် ချည်းကပ် ချိတ်ဆက်မှုအား ဆောင်ရွက်ခဲ့ပြီး ချိတ်ဆက်မှုလုပ်ငန်းစဉ်တစ်ခုလုံးသည် အချိန် ၃နာရီခွဲခန့်ကြာမြင့်ခဲ့ကြောင်း အဆိုပါအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ အာကာသယာဉ်ပေါ်တွင် လိုက်ပါလာသည့် တရုတ်အာကာသယာဉ်မှူး ထန်ဟုန်ပေါ်၊ ဂူယိန်နင့် ထျန်းကုန်းအာကာသစခန်းသို့ ပထမဆုံးအကြိမ် လာရောက်သည့် ပါကစ္စတန်အာကာသယာဉ်မှူး မိုဟာမက်ဖီရုန် အလီတို့သည် ထျန်းဟယ်ပင်မအခန်းအတွင်းသို့ ဝင်ရောက်မည်ဖြစ်သည်။

အဆိုပါအာကာသစခန်းရှိ ရှန်ကျီး (၂၃) အာကာသယာဉ်မှူးများကလည်း အသစ်ရောက်ရှိလာသူများကို ကြိုဆိုရန်အသင့်ပြင်ဆင်ထားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ





လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဇမ္ဗူသီရိ နိုဝင်ဘာ ၂၅

ကျောင်းသား၊ ကျောင်းသူ လူငယ် လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန်နှင့် နောင်တစ်ခိုနှိုက်တွင် နိုင်ငံတော်က အားထားရသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနား စတင်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာမိုးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်တရားမျှတမှုစင်တာမှ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက လူငယ်နှင့် ဥပဒေအကြောင်းသိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား ဟောပြောပွဲနှင့်ပတ်သက်သည့် မေးခွန်းများကို မေးမြန်းခဲ့ရာ ဖြေဆိုနိုင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် လူငယ်ရေးရာ အသိပညာပေး စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

မြို့နယ်(ပြန်/ဆက်)

o–o–o–o–o



ဝိုင်းမော်မြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နိုဝင်ဘာ ၁၈ ရက် ည ၇ နာရီခွဲခန့် ဝိုင်းမော်မြို့နယ်၊ ဝိုင်းနားကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရာဖွေစဉ် အောင်ပွဲဆိုသူမောင်းနှင်ပြီး မဟွမ်လင်း(ခ)အေးဟွမ်ဆိုသူ လိုက်ပါလာသည့် SKAT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသော ဘိန်းဖြူအလေးချိန် ၇ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ပွဲ(၂၉)နှစ်နှင့် မဟွမ်လင်း(ခ)အေးဟွမ်(၂၄)နှစ် ဆိုသူတို့အား ဝိုင်းမော်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝံပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

ယာဉ်တိုက်မှုပြစ်မှုဖွင့်၍ အမျိုးသမီး တစ်ဦး သေဆုံး၊ အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားု၍ အမျိုးသမီး တစ်ဦး သေဆုံးကာ အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ဂုံမင်းမြောင်ကျေးရွာ၊ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ် ၈၀ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပြည်မြို့မှ ရန်ကုန်မြို့ဘက်သို့ သာယာဝတီမြို့နယ်၊ ဂုံမင်းမြောင်(အရှေ့စု) ကျေးရွာနေ ဦးဝေဇင်ဦး ၃၃ နှစ်ဆိုသူ မောင်းနှင်လာသော ထော်လာဂျီယာဉ်သည် စက်ချို့ယွင်း၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားစဉ် လားရာတူနောက်မှ ကျော်တက်လာသည့် ဇလုတ်ကျေးရွာနေ ဦးဇော်နိုင်ဦး ၄၈ နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်ခိုင်သဇင် ၃၈ နှစ်ဆိုသူနှင့် ဒေါ်စိမ်းမိုမို ၃၅ နှစ်ဆိုသူတို့ လိုက်ပါလာသည့် Baja အမျိုးအစား အိုးဝေအား တိုက်မိကာ မျက်နှာချင်း ဆိုင်မှ ဥတုကျေးရွာနေ ဒေါ်ဆုနှင်းဝေ၊ ၃၃ နှစ်ဆိုသူ မောင်းနှင်ပြီး သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်မာမာဦး ၆၃နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားနေကြောင်း သတင်းအရ လယ်ဝေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ၄င်းအား နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်မာမာဦးအား လယ်ဝေးမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီတွင် ဇရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အလယ်ကျေးရွာနေ ဒေါ်သန်းသန်းဆွေ(ခ) သန်းသန်း ၃၅ နှစ်ဆိုသူ၏ နေအိမ်၌ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ကျုံကူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ၄င်းအား သုံးလုံးထီ လောင်းကစားရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းသန်းဆွေ(ခ)သန်းသန်းဆိုသူအား ကျုံကူးနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ် အမှတ်(၆)ရပ်ကွက်နေ ဒေါ်တင်မိုးဝါ ၅၁နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားနေကြောင်း သတင်းအရ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ၄င်းနှင့်တစ်ရပ်ကွက်တည်းနေ ဦးနိုင်ဝင်းစိုး ၄၁ နှစ် ဆိုသူအား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တင်မိုးဝါနှင့် နိုင်ဝင်းစိုးတို့ နှစ်ဦးအား ပဲခူးမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ဝံပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o–o–o–o–o

နှစ်လုံး၊ သုံးလုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်မာမာဦး ၆၃နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားနေကြောင်း သတင်းအရ လယ်ဝေးမြို့နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ၄င်းအား နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်မာမာဦးအား လယ်ဝေးမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီတွင် ဇရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အလယ်ကျေးရွာနေ ဒေါ်သန်းသန်းဆွေ(ခ) သန်းသန်း ၃၅ နှစ်ဆိုသူ၏ နေအိမ်၌ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ကျုံကူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ၄င်းအား သုံးလုံးထီ လောင်းကစားရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းသန်းဆွေ(ခ)သန်းသန်းဆိုသူအား ကျုံကူးနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ် အမှတ်(၆)ရပ်ကွက်နေ ဒေါ်တင်မိုးဝါ ၅၁နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားနေကြောင်း သတင်းအရ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ၄င်းနှင့်တစ်ရပ်ကွက်တည်းနေ ဦးနိုင်ဝင်းစိုး ၄၁ နှစ် ဆိုသူအား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တင်မိုးဝါနှင့် နိုင်ဝင်းစိုးတို့ နှစ်ဦးအား ပဲခူးမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ဝံပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o–o–o–o–o



ဆေးရိုးများ ကြပ်တင်ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

မြင်းခြံ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်ရှိ ခိုင်ဖြိုးမြတ်ဆေးရိုးစက်တွင် ဆေးရိုးများအား ဆေးရိုးကြပ်ဖိုတွင် ကြပ်တင်ရာမှ အပူလွန်ကဲပြီး မီးလောင်မှု နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြင်းခြံခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သက်လှိုင် ဦးစီး၍ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ မြင်းခြံနယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ OK Group မှ ရေသယ်ယာဉ် တစ်စီး၊ နတ်ကြီးပင်ပရဟိတအသင်းမှ ရေသယ်ယာဉ် တစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၄၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀ ဦးဖြင့် ရေဂါလန် ၁၀၄၀၀ ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲခန့်တွင် လုံးဝ မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ကြပ်တင်ထားသည့် ဆေးရိုးနှစ်ဆယ် ပိသာခန့် ဆုံးရှုံးခဲ့သဖြင့် ကြပ်ဖိုတာဝန်ခံအား မြင်းခြံမြို့နယ် မြို့မရဲစခန်းမှ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝ၅၇)

o–o–o–o–o–o–o



ကျောက်ဆည်ဒေသထွက် ဖီးကြမ်းငှက်ပျောလှည်းတစ်စီး ငွေကျပ်ခြောက်သိန်းဝန်းကျင်အထိ ဈေးမြင့်တက်

မန္တလေး နိုဝင်ဘာ ၂၅

ကျောက်ဆည်ဒေသထွက် ဖီးကြမ်းငှက်ပျောဈေးကွက်တွင် လက်ရှိ ငှက်ပျောလှည်းတစ်စီးလျှင် ငွေကျပ် ငါးသိန်းခွဲမှ ခြောက်သိန်းဝန်းကျင်အထိ ဈေးရရှိနေပြီး ယခင်နှစ်ကာလတူထက် ဈေးနှုန်းသိသိသာသာ မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခင်နှစ်က ဖီးကြမ်းငှက်ပျောခိုင် ၄၀ (ဖီးညှပ် ၂၄၀)ပါဝင်သည့် လှည်းတစ်စီးလျှင် ငွေကျပ် သုံးသိန်းဝန်းကျင်သာ ရှိခဲ့သော်လည်း ယခုနှစ်တွင် ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။

ယခုနှစ် ဝါတွင်းကာလ ငှက်ပျော စတင်ကောက်ယူချိန်တွင် လှည်းတစ်စီးလျှင် ငွေကျပ် သုံးသိန်း ခုနစ်သောင်းအထိ ဈေးပေါက်ခဲ့ပြီး တန်ဆောင်မုန်းလအတွင်း ငွေကျပ် ငါးသိန်း လေးသောင်းဝန်းကျင်အထိ ရရှိခဲ့သည်။ လက်ရှိတွင် ငွေကျပ် ငါးသိန်းခွဲမှ ခြောက်သိန်းဝန်းကျင်အထိ ဈေးမြင့်တက်လာခြင်းဖြစ်သည်။



ကျောက်ဆည်ခရိုင်အတွင်း ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကွက်အာမခံချက်ရှိသည့် အပြင် ပွဲစားများထံမှ စိုက်ပျိုးစရိတ် ကြိုတင်ရယူနိုင်သည့် အခြေအနေရှိသောကြောင့် ငှက်ပျော စိုက်ပျိုးရေးလုပ်ငန်း အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ငှက်ပျောစိုက်ပျိုးရာတွင် ပွဲစားများက စိုက်ခင်းမှ ထွက်ရှိမည့် ငှက်ပျောအရေအတွက်အပေါ်မူတည်၍ ကြိုတင်ငွေထုတ်ပေးလေ့ရှိပြီး ကြိုတင်ငွေရယူထားသည့် တောင်သူများမှာ သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ငှက်ပျော ပြန်လည်ပေးသွင်းရသည်။

ကျောက်ဆည်-မြစ်သားဒေသထွက် ဖီးကြမ်းငှက်ပျောများကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးဈေးကွက်များသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

(မန္တလေးနေ့စဉ်-၆)



ဆောင်းရာသီ အလွတ်တမ်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တမူး နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ ခါမ်းပါတ်မြို့၊ အမှတ်(၂)ရပ်ကွက် အားကစားကွင်း၌ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဆောင်းရာသီ အလွတ်တမ်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခါမ်းပါတ်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဝင်းက ဆောင်းရာသီအလွတ်တမ်းဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခါမ်းပါတ်မြို့မှ မြို့မိ၊ မြို့ဖ တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အဖွင့်ပွဲစဉ်များအဖြစ် MPT (A) အသင်းနှင့် ဌာနဆိုင်ရာအသင်း၊ ခါမ်းပါတ်အမှတ်(၄)အသင်းနှင့် KCP အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ဆောင်းရာသီ အလွတ်တမ်းဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် နိုဝင်ဘာလ ၂၃ ရက် မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပထဆု၊ ဒုတိယဆု၊ တတိယဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆုနှင့် အကောင်းဆုံးဂိုးသမားဆုများကို ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

မိုးရာသီစိုက်ပျိုးခဲ့သော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံသီးနှံကို မိုးရာသီနှင့် ဆောင်းရာသီ၌ အဓိကစိုက်ပျိုးကြရာ ယခုနှစ် မိုးရာသီစိုက်ပျိုးခဲ့သော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

'ကျွန်တော် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၃ ဧက စိုက်ပျိုးထားတယ်။ စိုက်ပျိုးရာမှာ စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ဖို့နဲ့ သဘာဝမြေသြဇာပြုလုပ်သုံးစွဲဖို့ စိုက်ခင်းအထိလာရောက် အသိပညာပေးခဲ့တယ်။ အခုအခါ ပဲစင်းငုံစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းနေတယ်' ဟု မန်ကျည်းအင်းကျေးရွာ ပဲစင်းငုံစိုက် တောင်သူတစ်ဦးကပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် ၁၅၁၈၂ ဧက လျာထားတဲ့အနက် ပဲတီစိမ်း ၅၄၀၁ ဧက၊ ပဲစင်းငုံ ၁၁၅၁၂ ဧက စုစုပေါင်း ၁၆၉၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ဝဲပုံ)

(၄၈၀)



ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၅၄ ဒသမ ၂၅ သန်း ထုတ်ချေးပေးပြီးဖြစ်

ကျောက်ဆည် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများကြွေးမြီ ကင်းရှင်းပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အချိန်ထိ ချေးငွေကျပ် ၂၅၄ ဒသမ ၂၅ သန်း ထုတ်ချေးပေးပြီးဖြစ်သည်။

ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာ၌ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၂၁၄ ဦး၏ ယာသီးနှံ ၁၀၁၇ ဧကအတွက် ချေးငွေကျပ် ၂၅၄ ဒသမ ၂၅ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၂၅ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၅)**



မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၂၅

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကို ဒီဇင်ဘာ ဒုတိယပတ်တွင် နေပြည်တော်၌ ကျင်းပသွားရန် ပြင်ဆင်လျက်ရှိသည်။

မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၁)တွင် ကျင်းပမည်ဖြစ်ပြီး တရုတ်နိုင်ငံ ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာ-တရုတ် ကုန်စည်ပြပွဲကိုလည်း နေပြည်တော်ရင်ပြင်တွင် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံရှိ ကုမ္ပဏီများမှ ပြခန်း ၆၀၀ ကျော်နှင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းပြခန်း ၃၀၀ ကျော် ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(၀၄၅)**

တောင်သူအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ တောင်သူ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီက တဖန်းကုန်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေသြဇာလျှော့ချသုံးစွဲနိုင်သော နည်းလမ်းများအကြောင်းနှင့် စပါးအပြီးတွင် နေကြာနှင့် ပဲပုပ်စိုက်ပျိုးနိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် သမဝါယမဦးစီးမှူးတို့က မိမိတို့ဌာန လုပ်ငန်းများနှင့်ပတ်သက်၍ တောင်သူများ သိသင့်သိထိုက်သည်များကို ပြောကြားဆွေးနွေးပြီး တက်ရောက်လာသော တောင်သူများက သိလိုသည်များကို မေးမြန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တောင်သူများအနေဖြင့် စပါးအပြီးတွင် နေကြာနှင့် ပဲပုပ်များ စိုက်ပျိုးရန်အတွက် မျိုးစေ့များ လာရောက်ထောက်ပံ့ပေးသွားဖြစ်ကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

နောင်နောင်(ဗိဿနိုးမြေ)

နိုင်ငံတကာ အားကစား သတင်းများ

အဲဟတန်အသင်းအား ပွဲအများဆုံး ကိုင်တွယ်သည့် နည်းပြအဖြစ် ဒေးဗစ်မိုယက်စ် မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၂၅

အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်သည် အသင်းကို ပွဲအများဆုံး ကိုင်တွယ်သည့် နည်းပြအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းက ဘရန့်ဖို့ဒ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ ဒေးဗစ်မိုယက်စ်သည် အဲဗာတန်အသင်းကို ပွဲပေါင်း ၅၉၃ ပွဲ ကိုင်တွယ်ပြီး ပွဲအများဆုံးကိုင်တွယ်သည့် နည်းပြဖြစ်လာခဲ့သည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ် ၁၁ ပွဲ ယှဉ်ပြိုင်ကစား အပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၉)နေရာတွင် ရပ်တည်ခဲ့သည်။ **(ယာဝုံ) (NGB)**





2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Rebeka Masarova ဆွတ်ခူး

လန်ဒန် နိုဝင်ဘာ ၂၅

ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova သည် 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်မယ် Leyre Romero Gormaz အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Rebeka Masarova က "ကျွန်မအနေလို 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက်ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(ဝဲဝုံ)(NGB)**



* * * * * *

ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၅) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	ပွဲစဉ်
၂၇-၁၁-၂၀၂၆ နံနက် ၀၀း၁၅ နာရီ	ဘီဆစ်တပ်စ် - ဟာဝိုးလ်ဘီယာရှီဟာ
″	ဆဲလ်တာဗီဂို - ဘုန်းမောက်
″	ဒိုင်နမိုဇာဂရက် - လေဗာကူဆင်
″	မာဆေးလ် - လက်ဗ်စကီးဆိုဖီယာ
″	အိုလံပီယာကိုစ် - အေစီမီလန်
″	ပလာဇန် - ဘင်ဖီကာ
၂၇-၁၁-၂၀၂၆ နံနက် ၀၂း၃၀ နာရီ	ပဲလေ့စ် - ဆိုစီဒက်
″	ဂျူဗင်တပ် - အိုမိုနီယာနီကိုစေယာ
″	လိုင်ပ္ဇစ် - လီလက်စထရွန်
″	စပါတာပရာဂ် - AZ အယ်လ်ခမာ
″	ဆန်းဒါးလန်း - ဘီယာလီစတော့ခ်

လိုက်ပဇစ်အသင်းက လန်းစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

မြူးနစ် နိုဝင်ဘာ ၂၅

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လိုက်ပဇစ်အသင်းနှင့် လန်းစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လိုက်ပဇစ်အသင်းက လန်းစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ဝဲဝုံ)**

လိုက်ပဇစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၆ မိနစ်တွင် ဒေးဗစ်ရောမ်၊ ပွဲချိန် ၉ မိနစ်နှင့် (၉၀+၄)မိနစ်တွင် နူဆာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

လိုက်ပဇစ်အသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၉ ရက်တွင် မန်ယူအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(NGB)**

နေသန်ဂျုံးစ် ချာလ်တန်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၅

ချာလ်တန်အသင်းသည် လက်ရှိအချိန်တွင် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ နေသန်ဂျုံးစ်ကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ချာလ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၁၆ ပွဲကစား အပြီးတွင် ရမှတ် ၁၇ မှတ်ဖြင့် အဆင့် ၁၉ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ နေသန်ဂျုံးစ်ကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ နေသန်ဂျုံးစ်သည် ချာလ်တန်အသင်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က စတင် ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၄၀ တွင် ၅၅ ပွဲနိုင်၊ ၃၃ သရေ၊ ၄၅ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။**(ဝဲဝုံ)**

ထို့ကြောင့် နည်းပြ နေသန်ဂျုံးစ်အနေဖြင့် လက်ရှိထွက်ပေါ် နေသည့် သတင်းများအတိုင်း ချာလ်တန်အသင်း၏ နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**



ဘောလုံးသတင်းအတိုအထွာများ

* ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်စီးတီးအသင်းနှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

* အာဆင်နယ် အသင်းသည် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကို ဝီလီယံစ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။**(NGB)**

ဘယ်လင်ဟမ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ငါးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိ

မက်ဒရစ် နိုဝင်ဘာ ၂၅

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို ငါးနှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ယခုစာချုပ်သစ်အရ ဥရောပလစာအများဆုံး ကစားသမားများထဲမှ တစ်ဦးဖြစ်လာမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ ပွဲ ကစားပြီး ၅၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။**(အောက်ဝုံ)**

ရီးရဲလ်မက်ဒရစ်အသင်းထုတ် ပြန်ချက်တွင် "ဘယ်လင်ဟမ်ကို ငါးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။ **(NGB)**



ဟရယ်လာကို ခေါ်ယူရန် ဂျူဗင်တပ်အသင်း စိတ်ဝင်စား

တူရင် နိုဝင်ဘာ ၂၅

ဂျူဗင်တပ်အသင်းသည် မွန်ဇာအသင်းတိုက်စစ်မှူး ဟာရယ်လာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မွန်ဇာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၂ ပွဲကစားပြီး ၁၃ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။



မွန်ဇာအသင်းကလည်း ဟာရယ်လာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် မွန်ဇာအသင်းထံမှ ဟာရယ်လာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲဝုံ)(NGB)

ဆာဗီယို တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တအတန်ကြာ အနားယူရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၅

စပါးအသင်း တောင်ပံကစားသမား ဆာဗီယို တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တအတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ် အဖြစ် စပါးအသင်းက အစ်ဆွစ်ချ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ဆာဗီယို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(အောက်ဝုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဆာဗီယို သည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ငါးပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။**(NGB)**



ကွန်ဗင်ရှင်လိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၄) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	ပွဲစဉ်
၂၇-၁၁-၂၀၂၆ နံနက် ၀၀း၁၅ နာရီ	ဘရိုက်တန် - ခရိုင်အိုဗာ
″	ပါဖို့စ် - မစ်ဂျေးလန်
″	အိုင်ဘေးရီးယား - ဂီတာဖေး
″	ဟတ်စ် - ပိုနာကို
၂၇-၁၁-၂၀၂၆ နံနက် ၀၂း၃၀ နာရီ	ဘိုရက်စ်ဘန်ဂျာလူကာ - အတ္တလန္တာ

အငြိမ်းစားဝန်ထမ်းများ၏ နိုဝင်ဘာလအတွက် ပင်စင်လစာငွေများအား ပုံမှန်ထုတ်ပေး

ကံမ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ နိုဝင်ဘာလအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ် တွင် ယနေ့ နံနက် ၆ နာရီက စတင်၍ ရုပ်ကွက်၊ ကျေးရွာများရှိ ပင်စင်စားများကို ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့်လည်း မိသားစုဝင်တစ်ဦးဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း၊ ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၃၁ ဦး၊ ကာကွယ်ရေးပင်စင် ၁၈၁ ဦး၊ ရဲတပ်ဖွဲ့ပင်စင် ၄၉ ဦး၊ နိုင်ငံရေးပင်စင် ၆၃ ဦးနှင့် မြန်မာ့စီးပွားရေးဘဏ်ပင်စင် ရှစ်ဦး၊ စုစုပေါင်း ပင်စင်စားအငြိမ်းစားဝန်ထမ်း ၉၃၂ ဦး ရှိကြောင်း ကံမမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။ **(ဝဲပုံ)**

ကျော်စေယျာဝင်း(ကံမ)





မဟာလောကရန်ဖိုမ်အောင်တော်မူမြတ်စွာဘုရား၌ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိ

မန္တလေး နိုဝင်ဘာ ၂၅

မြန်မာလူမျိုးများ၏ ထုံးတမ်းအစဉ်အလာအရ နှစ်သစ်ကူးပွဲတော်များနှင့် အခါကြီးရက်ကြီးများတွင် ဘုရားစေတီ၊ ပုထိုးများသို့ သွားရောက်ကာ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိပြီး (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၂၄ ရက်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်ဖိုမ်အောင်တော်မူမြတ်စွာဘုရား၌ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများ အနေဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာတရားများ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားထိုင်ခြင်း၊ ဆွမ်း၊ ယန်း၊ ရေချမ်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်း၊ အကြေစေ့ပစ်ကာ ဆုတောင်းခြင်း၊ တံမြက်စည်းလှည်းကုသိုလ်ယူခြင်း၊ ငှက်များအား ဘေးမဲ့လွှတ်ပေးခြင်း စသည့် ကောင်းမှုကုသိုလ်များ ဆောင်ရွက်လျက်ရှိသည်။

မဟာလောကရန်ဖိုမ်အောင်တော်မူမြတ်စွာဘုရားရှိ ဘုရားဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘုရားဖူးလာ ပြည်သူများ အဆင်ပြေချောမွေ့စေရေး အတွက် စီစဉ်ဆောင်ရွက်ထားပြီး စတုဒိသာကုသိုလ်ရှင်များကလည်း မုန့်နှင့်အအေးများ ဝေငှလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ချမ်းမြေမောင်(ပြန်/ဆက်)

--*-*-*-*-*

မိုးပဲပုပ် ဈေးကွက်ဝင်လာချိန် ပဲပုပ်ဈေးအနည်းငယ်အေးလာ

မန္တလေး နိုဝင်ဘာ ၂၅

ဆီထွက်သီးနှံဖြစ်သည့် ပဲပုပ်ဈေးကွက်တွင် မိုးပဲပုပ်အသစ်အချို့ ဈေးကွက်အတွင်းဝင်ရောက်လာချိန်၌ ပြည်တွင်းဈေးနှုန်းအနည်းငယ်အေးလာသည်။ ဆီစက်များနှင့် လုပ်ငန်းသုံးဝယ်ယူမှုမှာ ပုံမှန်အခြေအနေတွင်သာရှိနေသည်။

နိုဝင်ဘာ ၂၁ ရက် ရန်ကုန်ဈေးကွက်တွင် ပဲပုပ်(မြစ်ဝကျွန်းပေါ်)ဆီတိုးမှာ တစ်ပိသာလျှင် ငွေကျပ် ၆,၃၃၀-၆,၅၀၀ မှ ၆,၂၃၀-၆,၄၀၀ သို့ ဈေးကျဆင်းလာသည်။ ပဲပုပ်(မြစ်ဝကျွန်းပေါ်)ဆီတိုးမှာ တစ်ပိသာလျှင် ငွေကျပ် ၆,၅၀၀-၆,၆၇၀ ဖြင့် ဈေးဖွင့်ထားသည်။



မန္တလေးဈေးကွက်တွင် ပဲပုပ်(ဗမာ)တစ်တန်လျှင် ငွေကျပ် ၄,၉၄၀,၀၀၀ ကျော်ဖြင့် ဈေးဖွင့်ထားပြီး ပဲပုပ်(ရှမ်း)မှာ တစ်တန်လျှင် ငွေကျပ် ၄,၁၉၀,၀၀၀ ကျော်မှ ငွေကျပ် ၄,၁၄၀,၀၀၀ ကျော်သို့ ဈေးကျဆင်းလာကြောင်း သိရသည်။

(ဝဲပုံ) ရွှေမန်း

--*-*-*-*-*



အလေးမပြိုင်ပွဲဆုရသူများနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်

မန္တလေး နိုဝင်ဘာ ၂၅

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ပြေးခုန်ပစ် အားကစားနည်းမှ ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများအား A,B,C အဆင့်သတ်မှတ်၍ လစဉ်ထောက်ပံ့ကြေးချီးမြှင့်ခြင်း၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲတွင် ဆုရရှိသူများ၊ စံချိန်သစ်သုံးခုတင်ခဲ့သည့် သင်တန်းသားနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ U-17 အာရှဖလား အမျိုးသမီးဘောလုံးခြေစစ်ပွဲအောင်မြင်ခဲ့သည့် သင်တန်းသူသုံးဦးအား ဆုချီးမြှင့်ခြင်း၊ ကလပ်ပေါင်းစုံတိုက်ကွမ်ဒိုပြိုင်ပွဲ နှင့် Karate Japan Cup ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းမှ ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ချမ်းမြသာစည်မြို့နယ်၊ ဂုဒ္ဓလမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံအာရုံပိုသာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသည့် အားကစားသမားများနှင့် နည်းပြများ၊ ကြံ့ခိုင်စွမ်းရည်ငါးမျိုး စစ်ဆေးမှုတွင် ဆုရရှိသည့် သင်တန်းသား၊သင်တန်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

ဗီလစ်ပိုင်၊ အိန္ဒိယဝယ်လိုအားနှင့် ထိုင်းဈေးကွက်မျှော်လင့်ချက်ကြောင့် ပြောင်းဈေးမြင့်တက်

မန္တလေး နိုဝင်ဘာ ၂၅

ဗီလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံတို့၏ ဝယ်လိုအားအပြင် လာမည့်နှစ်တွင် ထိုင်းနိုင်ငံက အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူမည့် အလားအလာရှိနေခြင်းကြောင့် ပြည်တွင်းပြောင်းဈေးကွက်တွင် ဝယ်လိုအားကောင်းလာပြီး ပြည်တွင်း၊ ပြည်ပဈေးနှုန်းများ မြင့်တက်လာသည်။



နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်ဈေးကွက်၌ ပြောင်း FOB ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၆၅-၂၇၅ မှ ၂၇၀-၂၈၀ သို့ မြင့်တက်လာသည်။ ပြည်တွင်းပြောင်းဈေးမှာလည်း တစ်ပိသာလျှင် ငွေကျပ် ၁,၈၆၀-၁,၈၈၀ မှ ငွေကျပ် ၁,၉၀၀-၁,၉၂၀ သို့ ဈေးမြင့်တက်လာသည်။

မန္တလေးဈေးကွက်တွင် လည်း ပြောင်းဈေးသည် ယခင်ရက်သတ္တပတ်ထက် ထပ်မံမြင့်တက်လာပြီး ရှမ်းပြောင်းတစ်တန်လျှင် ယခင် ရက်သတ္တပတ်က ငွေကျပ် ၁,၁၀၀,၀၀၀ ကျော် ရှိရာမှ ယခု ရက်သတ္တပတ်တွင် ငွေကျပ် ၁,၁၃၀,၀၀၀ ကျော်သို့ ရောက်ရှိလာသည်။

လက်ရှိပြောင်းဈေးကွက်မှာ ယခင်နှစ်များနှင့်မတူဘဲ ပြည်တွင်းဈေးနှုန်းသာမက ပြည်ပ FOB ဈေးနှုန်းပါ မြင့်တက်လာသည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

(ဝဲပုံ) ရွှေမန်း

ကုလားပဲအမျိုးအစားအလိုက် ဈေးမြင့်တက်လာ

မန္တလေး နိုဝင်ဘာ ၂၅

ပြည်တွင်းစားသုံးမှုရှိသည့် ကုလားပဲဈေးကွက်တွင် ဈေးနှုန်းများ အမြင့်တန်း၌ ရှိနေပြီး ကုလားပဲ V7တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀ မှ ၂၅၆,၀၀၀ အထိ ရှိနေကြောင်း မန္တလေးကုန်စည်ဒိုင်၏ ဈေးနှုန်းအချက်အလက်များအရ သိရသည်။

လက်ရှိ မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲ V2 တစ်အိတ် ၅၇.၂၅ ပိသာလျှင် ငွေကျပ် ၂၅၅,၀၀၀၊ V7 တစ်အိတ် ၅၇.၂၅ ပိသာလျှင် ငွေကျပ် ၂၅၅,၀၀၀ မှ ၂၅၆,၀၀၀၊ TW တစ်အိတ် ၅၆.၂၅ ပိသာလျှင် ငွေကျပ် ၂၂၈,၀၀၀ မှ ၂၃၃,၀၀၀ နှင့် 929 တစ်အိတ် ၅၆.၂၅ ပိသာလျှင် ငွေကျပ် ၂၄၀,၀၀၀ မှ ၂၄၂,၀၀၀ ရှိသည်။

ကုလားပဲသည် ပြည်တွင်းစားသုံးမှုရှိသည့် ပဲသီးနှံတစ်မျိုးဖြစ်ပြီး ပဲမှုန့်၊ ပဲကြော်နှင့် အခြားစားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုကြသည်။ ကုလားပဲအမျိုးအစားနှင့် အရည်အသွေးအလိုက် ဈေးနှုန်းကွာခြားမှု ရှိနေသည်။

မြန်မာနိုင်ငံတွင် ကုလားပဲကို ဆောင်းသီးနှံအဖြစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး V2 မျိုး အပါအဝင် ကုလားပဲမျိုးကွဲများကို စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊
သစ်ပင်ရံမှ သဏ္ဌာန်လှပ၊ ပန်ရလိမ့်။

ဆောင်းသီးနှံစိုက်ခင်းများတွင် မှိုနှင့် ဘတ်တီးရီးယားကြောင့်ဖြစ်သော အပင်ရောဂါများ သတိပြုရန်လို

မန္တလေး နိုဝင်ဘာ ၂၅

ဆောင်းရာသီတွင် စိုက်ပျိုးသည့် အာလူး၊ ကုလားပဲ၊ မြေပဲ၊ မုန်လာ၊ မုန်ညင်း၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ငရုတ်နှင့် ခရမ်းချဉ်သီးစသည့် သီးနှံများ၌ ရာသီဥတုအခြေအနေအလိုက် မှိုနှင့် ဘတ်တီးရီးယားကြောင့် ဖြစ်သော အပင်ရောဂါများ ကျရောက်နိုင်သဖြင့် စိုက်ခင်းသန့်ရှင်းရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဂရုပြုဆောင်ရွက်ရန် လိုအပ်သည်။

ဆောင်းရာသီတွင် မိုးအုံ့ခြင်း၊ နှင်းထူထပ်စွာကျခြင်း၊ နေ့အပူချိန်မြင့်ပြီး ညအပူချိန်ကျဆင်းခြင်းတို့ကြောင့် အပင်ရောဂါဖြစ်စေသည့် မှိုများ ပျံ့နှံ့ရန် အခြေအနေဖြစ်ပေါ်နိုင်သည်။ ရောဂါပိုးများသည် လေ၊ ရေ၊ မိုးနှင့် နှင်းရည်စက်များမှတစ်ဆင့် ကူးစက်နိုင်သည့်အပြင် စိုက်ခင်းအတွင်း လေဝင်၊ လေထွက်မကောင်းခြင်းနှင့် အပင်များ သိပ်သည်းစွာ စိုက်ပျိုးခြင်းသည်လည်း ရောဂါကျရောက်မှုကို အားပေးနိုင်သည်။

ဘူး၊ ဖရုံနှင့် သခွားမျိုးရင်းဝင် သီးနှံများတွင် ရွက်ခြောက်ရောဂါ၊ ဖားဥမှိုရောဂါနှင့် ပင်ညှိုးရောဂါတို့ ကျရောက်နိုင်သည်။ ပင်ညှိုးရောဂါမှာ မှိုနှင့် ဘတ်တီးရီးယားကြောင့် ဖြစ်ပွားနိုင်ပြီး ဘတ်တီးရီးယားကြောင့်ဖြစ်သည့် ပင်ညှိုးရောဂါတွင် ကျိုင်းကောင်များက ရောဂါပိုးသယ်ဆောင်ကာ အပင်ကို ကိုက်စားသည့်ဒဏ်ရာမှတစ်ဆင့် ကူးစက်စေနိုင်သည်။

ထို့ပြင် မုန်ညင်း၊ မုန်လာ၊ ပန်းမုန်လာနှင့် ဂေါ်ဖီမျိုးရင်းဝင် သီးနှံများတွင် ရွက်ပြောက်ရောဂါ၊ ထိပ်ပုပ်ရောဂါ၊ အမည်းပြောက်မှိုရောဂါနှင့် အပျော့ပုပ်ရောဂါများ ကျရောက်နိုင်သည်။ အထူးသဖြင့် မုန်ညင်းထုပ်နှင့် ဂေါ်ဖီထုပ်တို့တွင် ဖြစ်ပွားတတ်သည့် အပျော့ပုပ်ရောဂါသည် သီးနှံပျက်စီးဆုံးရှုံးမှုများ ဖြစ်စေနိုင်သည်။ အချို့ဘက်တီးရီးယားများသည် မြေကြီးအတွင်း နှစ်နှစ်ခန့်အထိ ရှင်သန်နိုင်သကဲ့သို့ အချို့မှာ မျိုးစေ့နှင့် မျိုးဥများတွင် ခိုအောင်းနိုင်သဖြင့် ရောဂါကင်းသော မျိုးများ ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။

ထို့အပြင် ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ အသုံးပြုရာတွင်လည်း သီးနှံအမျိုးအစားနှင့် ဆေးအာနိသင်ပြယ်ရန် လိုအပ်သည့် ကာလကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဆေးတံဆိပ်ပါရိတ်သိမ်းမတိုင်မီ စောင့်ဆိုင်းရမည့်ကာလ (၁၄ ရက် သို့မဟုတ် ရက် ၂၀ စသည်)ကို လိုက်နာပြီး ခူးဆွတ်ရောင်းချခါနီးတွင် ဆေးဖျန်းခြင်းကို ရှောင်ကြဉ်သင့်သည်။

ဆောင်းသီးနှံစိုက်ခင်းများတွင် ဓာတုဆေးဝါးအသုံးပြုမှုလျှော့ချနိုင်ရန် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး (IPM) နည်းလမ်းများကို အသုံးပြုနိုင်ပြီး အပင်ထွက်ပိုးသတ်ဆေးများ အသုံးပြုခြင်း၊ မိတ်ဆွေပိုးနှင့် ဖျက်ပိုးအခြေအနေကို လေ့လာခြင်းတို့ကိုလည်း ဆောင်ရွက်သင့်ကြောင်း သိရသည်။

(ဝဲပုံ) ရွှေမန်း





နိုဝင်ဘာ ၂၃ ရက်မှ ၂၉ ရက်အတွင်း တိုင်းနှင့် ပြည်နယ်အချို့တွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

နိုဝင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ တစ်ပတ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး အခြားတိုင်းနှင့်ပြည်နယ်အချို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ခန့်မှန်းထုတ်ပြန်ထားသည်။

အဆိုပါ ကာလအတွင်း ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ကာ ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

အမြင့်ဆုံးအပူချိန်အနေဖြင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်းတို့တွင် ၈၀ မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့် တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် အမြင့်ဆုံး အပူချိန် ၉၀ မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်တွင် ၄၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၇ မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပြီး ကျန်ဒေသအများစုတွင် ၆၇ မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

လေထုစိုထိုင်းဆအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းရှိနိုင်ပြီး ကျန်တိုင်းနှင့်ပြည်နယ်များတွင် ၈၀ ရာခိုင်နှုန်းမှ ၉၁ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

ထို့ပြင် ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ၁၄ မှ ၂၃ မီလီမီတာအတွင်းရှိနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ၂၄ မှ ၃၃ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

--*-*-*-*-*

MWEA (မန္တလေး) အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲနှင့် ပြိုင်ပွဲများ နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၂၅

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး) MWEA (MDY) ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲ၊ ဈေးရောင်းပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များကို နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မန္တလေးမြို့ရှိ Mingalar Mandalay Promotion Area ၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် အမျိုးသမီးများနှင့် အိမ်ရှင်မများ၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများကို ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ မုန့်တီသုပ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ စက်ချုပ်ပြိုင်ပွဲ၊ မြန်မာရင်ဖုံးအင်္ကျီချုပ်ပြိုင်ပွဲ၊ ပန်းထိုးပြိုင်ပွဲနှင့် ပန်းအလှဆင်ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲများအနက် မန္တလေးမုန့်တီသုပ်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်းနှင့် တတိယဆု ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအတွက် SME Clinic အစီအစဉ်လည်း ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများကို စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် တစ်ဦးချင်း ဆွေးနွေးတိုင်ပင်နိုင်မည်ဖြစ်သည်။ ဈေးရောင်းပွဲနှင့် အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များကို လည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး လာရောက်ကြသည့် ဧည့်သည်တော်များအား နံနက် ၁၀ နာရီတွင် ဧည့်ခံကျွေးမွေးမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားနှင့် အစီအစဉ်များကို စိတ်ပါဝင်စားသူများ လာရောက်လေ့လာပါဝင်နိုင်ကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း



ပြည်ပဝယ်လိုအားကြောင့် မတ်ပဲ၊ ပဲစင်းငုံဈေးမြင့်တက်၊ ပြောင်းဈေးလည်း ဝယ်လိုအားကောင်းနေ

မန္တလေး နိုဝင်ဘာ ၂၅

အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မြန်မာ့ဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးများ မြင့်တက်လာပြီး မတ်ပဲတစ်တန်လျှင် ငွေကျပ် ၇၀,၀၀၀ ဝန်းကျင် ဈေးမြင့်တက်ခဲ့သည်။ ထို့အပြင် ပြည်ပဝယ်လိုအားရှိသည့် ပြောင်းဈေးလည်း ကောင်းနေသည်။

မတ်ပဲနှင့် ပဲစင်းငုံဈေး မြင့်တက်

အိန္ဒိယဈေးကွက်တွင် မတ်ပဲဈေးမြင့် တက်လာမှုနှင့် အတူ မြန်မာပြည်တွင်းဈေးကွက်၌လည်း မတ်ပဲဈေးနှုန်းများ မြင့်တက်လာသည်။

မတ်ပဲ FAQ တစ်တန်လျှင် ငွေကျပ် ၃,၇၀၀,၀၀၀ ဝန်းကျင်မှ ငွေကျပ် ၃,၇၇၁,၀၀၀ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ငွေကျပ် ၃,၉၆၀,၀၀၀ ကျော်မှ ငွေကျပ် ၄,၀၄၀,၀၀၀ ဝန်းကျင်သို့လည်းကောင်း ဈေးမြင့်တက်လာသည်။

သို့သော် ပြည်တွင်းဈေးမြင့်တက်နေချိန်တွင် ပြည်ပတင်ပို့ရောင်းချသည့် FOB ဈေးနှုန်းများမှာ ကျဆင်းနေသည်။ မတ်ပဲ FAQ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၈၇၀-၈၈၀ မှ ၈၅၅-၈၆၅ သို့လည်းကောင်း၊ SQ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၃၀-၉၄၀ မှ ၉၁၅-၉၂၅ သို့လည်းကောင်း ကျဆင်းလာသည်။

အိန္ဒိယဈေးကွက်တွင် မြန်မာ့မတ်ပဲ FOB ဈေးမှာ FAQ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၈၇၅၊ SQ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၃၅ ဖြင့် ဈေးဖွင့်ထားသည်။

ပဲစင်းငုံ(နီ)ပြည်တွင်းဈေးမှာလည်း တစ်တန်လျှင် ငွေကျပ် ၄,၃၀၀,၀၀၀ ကျော်မှ ငွေကျပ် ၄,၄၀၀,၀၀၀ ဝန်းကျင်သို့ မြင့်တက်လာပြီး မန္တလေးဈေးကွက်တွင် တစ်တန်လျှင် ငွေကျပ် ၄,၁၈၀,၀၀၀ ဝန်းကျင်ဖြင့် ဈေးဖွင့်ထားသည်။

ပဲစင်းငုံ(နီ)အဟောင်း FOB ဈေးမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၅၀-၉၆၀၊ အသစ်မှာ အမေရိကန် ဒေါ်လာ ၉၈၀-၉၉၀ ဖြင့် ဈေးဖွင့်ထားသည်။

(ယာပုံ)

ပဲတီစိမ်းဈေးကွက်အခြေအနေ

တရုတ်ဈေးကွက်၏ ဝယ်လိုအားအခြေအနေမှာ မရေရာသေးသော်လည်း မန္တလေးဈေးကွက်တွင် ယခုရက်သတ္တပတ်အတွင်း ပဲတီစိမ်း(အညာ)တစ်တန်လျှင် ငွေကျပ် ၂,၉၀၀,၀၀၀ ကျော်ဖြင့် ဈေးကွက်စတင်လာသည်။

ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်း(အညာ) တစ်ပိဿာလျှင် ငွေကျပ် ၄,၀၀၀ မှ ၄,၀၂၀၊ ပဲတီစိမ်း(ခရမ်းနှင့်ပဲခူး)ရွှေဝါ တစ်ပိဿာလျှင် ငွေကျပ် ၅,၅၈၀ နှင့် ပဲတီစိမ်း (ဝါးခယ်မ) FAQ တစ်ပိဿာလျှင် ငွေကျပ် ၄,၅၈၀ မှ ၄,၆၀၀ ဖြင့် အသီးသီး ဈေးဖွင့်ထားကြောင်း သိရသည်။ **ရွှေမန်း**



လွမ်းတေးမဆုံးခင် ဆာပန်းချီ ခြယ်မှုန်းမိခြင်း



ကျွန်တော်သည် ယခုလို ဆောင်းဦးကာလ၌ ခရီးထွက်ရသည့်အခါတိုင်း ဆရာရှိန်ကို အမြဲလိုလို သတိရနေမိခြင်း၏အကြောင်းမှာ ဆရာရှိန်သည် ဤကဲ့သို့ ဆောင်းရာသီသို့ ရောက်လာလျှင် ခရီးထွက်ချင်၏။ ခရီးထွက်နေလျှင် ပျော်နေဟန်တူ၏။ ဤသည်တို့ကြောင့်လည်း ဆရာရှိန်သည် မကြာခဏ ခရီးထွက်နေရ၏။

ဆရာရှိန် ခရီးသွားရသည့်အကြောင်းမှာ ဥတုရာသီက အေးမြသည်ကတစ်ကြောင်း၊ ပွင့်လင်းရာသီဖြစ်နေသည်ကတစ်ကြောင်း၊ မြောက်ပြန်လေနှင့်အတူ ရိုက်ခတ်လာသည့် နှင်းမှုန်လေးတွေက ဝေဖြာနေသည်ကတစ်ကြောင်း စသည့်အကြောင်းတို့ကြောင့် ခရီးသွားလာရခြင်းသည် ဆရာရှိန်အတွက်တော့ အဆင်ပြေနေပေသည်။

ဤသည်တို့ကြောင့်ထင်သည် ဤဆောင်းဥတုကာလကို စာရေးဆရာများက ခရီးထွက်သည့်လဟုလည်း ခေါ်ဆိုကြ၏။ စာပေဘောဏ်ကွန့်မြူးသည့်လဟုလည်း ခေါ်ဆိုကြပြန်၏။ တစ်ဖန် 'စာဆိုတော်လ'ဟုလည်း ခေါ်ဆိုကြပြန်သည်။ ထို့အပြင် အင်းဝခေတ်စာဆိုရှင်များကတော့ ဆောင်းဥတုကို 'အလွမ်းပို့သည့်ရာသီ' ဟု တင်စားခေါ်ဝေါ်ခဲ့ကြကြောင်းကို ဖတ်မှတ်လေ့လာခဲ့ဖူးပါသည်။

စာရေးသူ ညွှန်းဆိုနေသည့် ဆရာရှိန်ဆိုသည်မှာ အခြားသူမဟုတ်ပါ။ စာရေးဆရာ၊ သတင်းစာဆရာ နတ်မောက်ထွန်းရှိန်ကို ဆိုလိုခြင်းဖြစ်သည်။ ဆရာရှိန်၏ ပုံပန်းသဏ္ဌာန်ကို အနည်းငယ်ပြောပြချင်သေးသည်။ ဆရာရှိန်သည် နတ်မောက်နယ်သားဆိုသည့်အတိုင်း အညာသားပုံစံပေါက်နေသည်မှာ ငြင်းမရ၊ အသားအရောကလည်း ခပ်လတ်လတ်၊ အရပ်အမောင်းကလည်း ခပ်ပြတ်ပြတ်၊ ရိုးသားသည့် ပုံသဏ္ဌာန်ပေါက်နေသောကြောင့် တောသားမှန်း သိသာထင်ရှားနေပေ၏။ ရိုးဂုဏ်ရှိသူဖြစ်သောကြောင့်လည်း ဘယ်နေရာရောက်ရောက် ပေါလွင်နေပေ၏။

ထို့အပြင် ဆရာရှိန်သည် အနေအေး၏။ ဤသို့ အနေအေးခြင်းကြောင့် နားထင်သွေးရောက်နေသည်ဟု သူ့ကို မနာလိုသူများက ရိုးစွတ်ကြ၏။ ဤရိုးစွတ်မှုသည် ဆရာရှိန်အတွက်တော့ အရေးမပါ အရာမရောက်ပေ။

ဆရာသည် အပြောသမားမဟုတ်။ အလုပ်သမားဟု ဆိုရပေမည်။ ဆရာရှိန်ကို ဘယ်အချိန်ပဲကြည့်ကြည့် ဘယ်နေရာပဲကြည့်ကြည့် အလုပ်တစ်ခုခုကို လုပ်နေသည်ကိုသာ တွေ့မြင်ရ၏။ တစ်ယောက်တည်းအကြောင်းမဲ့ အချိန်ဖြုန်းနေသည်ကို မတွေ့ရပေ။ ဆရာရှိန်သည် စာပေနှင့်ပတ်သက်၍ ဝီရိယမလျော့၊ ဇွဲမလျော့သည့် သတင်းစာသမားတစ်ယောက်ဖြစ်ပေသည်။

ယခုလို ဆောင်းဥတုသို့ရောက်လာလျှင် ဆရာရှိန်အတွက်တော့ ခရီးထွက်ရန် လမ်းများကလည်း ပြည့်နှက်နေပေ၏။ ဥပမာဆိုရလျှင် သက်ကြီးသတင်းစာဆရာကြီးများ ကန်တော့ပွဲသို့ တက်ရောက်ရမည့်ကိစ္စ။ မဖြစ်မနေ ကထိန်အလှူပွဲသို့ သွားရောက်ရမည့်ကိစ္စ၊ အခြားသော ဘုရားထီးတင်ပွဲအခမ်းအနားသို့ တက်ရောက်ရမည့်ကိစ္စများ ရှိနေပေ၏။ တစ်ဖန် အနယ်နယ် အရပ်ရပ်မှ ဖိတ်ကြားထားသည့် ဖိတ်စာများကလည်း ဆရာရှိန် နေအိမ်၌ ပလုပ်ပလဲနေအောင် ရောက်ရှိနေပေ၏။

ဤသို့ ခရီးထွက်နေရလျှင် ဆရာရှိန်သည် ကျန်းမာနေပေ၏။ တက်ကြွရွင်လန်းနေပေ၏။ ဆရာရှိန် ခရီးထွက်သည်နှင့် ဆရာရှိန်၏ အပါးတော်မြဲဖြစ်သော ကျွန်တော်သည်လည်း အမြဲလိုလို လိုက်ပါနေရ၏။ ခရီးထွက်နေရသည့် ပျော်ရွှင်မှုကလည်း ကျွန်တော့်ကို ကူးဆက်နေသည်လား မပြောတတ်။ ကျွန်တော်သည်ပင်လျှင် ဆရာရှိန်ကဲ့သို့ ခရီးသွားနေရလျှင် ပျော်ရွှင်နေမိသည်။

ဆရာရှိန်သည် ခရီးသွားနေရလျှင် ခရီးပန်းသည်ဟု ညည်းညူခြင်းမရှိ။ ထို့အပြင် သွားနေသည့်လမ်းက ကြမ်းသည်ဖြစ်စေ၊ ရေဝင်နေသည်ဖြစ်စေ၊ လမ်းကြမ်းသည်ဖြစ်စေ၊ ကားပျက်သည်ဖြစ်စေ၊ အခြားအခြားသော လမ်းခရီးအခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်စေ ဆရာရှိန်သည် စိတ်တုန်လှုပ်ခြောက်ခြားခြင်းမရှိ။ စိတ်တည်ငြိမ်စွာဖြင့် နေလေ့ရှိ၏။ ဆရာသည် ပျက်သွားသည့် ကားပေါ်မှ ဆင်းလာပြီး ကားလမ်းနံဘေးတွင် အသာအယာထိုင်လိုက်၏။ သည့်နောက် သူ့ရေးသားသည့် အကြောင်းအရာများကိုသာ ခေါင်းထဲတွင် စာလုံးများ စီနေဟန်တူပါသည်။

အကယ်၍ ခရီးဝေးက ပြန်လာလျှင်လည်း ဆရာရှိန် သူ၏နေအိမ်တွင် အနားယူလေ့မရှိ။ သူတာဝန်ယူထားရသည့် သတင်းစာအတွက် သတင်းစာခေါင်းကြီးပိုင်း၊ တစ်ဖန် သူတာဝန်ယူထားရသည့် ဂျာနယ်အတွက် အယ်ဒီတာ့အာဘော်နှင့် ဆောင်းပါးများ၊ အခြားသတင်းဌာနများသို့ ပေးပို့ရမည့် အခန်းဆက်ဆောင်းပါးများကို အလျှဉ်မီအောင် ရေးပေးနေရခြင်းဖြစ်သည်။

ဆရာသည် သတင်းဌာနများမှ တောင်းခံထားသည့် တောင်းစာမူများကို ရေးပေးနေရခြင်းကို စိတ်ပြိုငြင်ခြင်းလည်းမရှိ။ ဝတ်ကျေတန်းကျေ ရေးပေးနေခြင်းမျိုးလည်း မဟုတ်ပေ။ တကယ့်ကို စိတ်ပါလက်ပါဖြင့် ရေးပေးလေ့ရှိသည်။ ဤသည်တို့ကြောင့်လည်း ကျွန်တော်တို့ တပည့်တွေက ဆရာရှိန်ကို 'စာချစ်ပုဂ္ဂိုလ်ကြီး'ဟု တင်စား ခေါ်ဝေါ်ခဲ့ကြသည်။

မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် ကျွန်တော်သည် ဆရာရှိန်နှင့်အတူ အလုပ်လုပ်စဉ်က ဖြစ်သည်။ ဆရာသည် စာရေးသားခြင်းနှင့်ပတ်သက်၍ပဲဖြစ်ဖြစ်၊ စာတည်းဖြတ်ခြင်းနှင့်ပတ်သက်၍ပဲဖြစ်ဖြစ် စေ့စပ်သေချာလှသူဟု ဆိုရပေမည်။ ဆရာသည် စာမူများကို အကြမ်းဖျင်းဖတ်ရှုပြီးသည့်နောက် သတင်းခေါင်းတွေအပြင် ဝါကျတွေ၊ စာကြောင်းတွေကို အလွန်တိကျစွာ ညွှန်ပြတတ်သူပါ။ ပုဒ်ထီး၊ ပုဒ်မတွေကို နေရာတကျထားတတ်သူပါ။ ဆရာရှိန်၏ လက်ရေးသည် အနည်းငယ် 'သေ့'၏။ သေးငယ်၏။ ပဲပင်ပေါက်လေးများ သဖွယ်ဖြစ်နေ၏။ သို့သော်လည်း သတင်းစာတိုက်ရှိ ဝန်ထမ်းများကတော့ ဆရာရှိန်လက်ရေးကို ဖတ်တတ်ကြ၏။ ဖတ်နိုင်ကြ၏။ အခြားသူများဆိုလျှင်တော့ ဆရာ့လက်ရေးကို ဖတ်တတ်ကြမည် မဟုတ်ပေ။

ထို့အပြင် ဆရာရှိန် ရေးထားသည့် လက်ရေးစာမူများသည် အမှား'နည်း'၏။ အကယ်၍ ထပ်ဖြည့်ရန် ကျန်ရှိနေပါက 'မြား'ဖြင့် အတိအကျ ညွှန်းဆိုတတ်လေ၏။ 'ကောက်စာ'အဖြစ် ဖော်ပြလိုသောစာပိုဒ်ကို မင်နီဖြင့်ဝိုင်းပြီး 'ကောက်စာ'ဟု တိတိပပညွှန်းဆိုတတ်သေးသည်။

သတင်းစာတိုက်သို့ ပေးပို့ထားသော ဆောင်းပါး၊ ကဗျာ၊ ကာတွန်း စသည့်စာမူများကို သူ့အမှတ်အသား'နှင့်အတူ ထားလေ့ရှိသည်။ သတင်းစာ၌ ဖော်ပြရန် အချိန်မတန်သေးသော စာမူများကို 'ဆိုင်းငံ့'ဟု ညွှန်းဆိုထားတတ်၏။ အကယ်၍ 'ပယ်'ထားသည့် စာမူများကိုတော့ ဆရာက လုံးခြေပြီး အမှိုက်'ခြင်း'ထဲသို့ ပစ်ထည့်လေ့ရှိ၏။ ဆရာသည် လူကိုမကြည့်။ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ချမှတ်ထားသော 'မူ'ကိုသာကြည့်ပြီး ရွေးချယ်ဖော်ပြလေ့ရှိပေသည်။ ဤသည်မှာ ဆရာရှိန်နှင့် နှစ်ရှည်လများ တွဲလုပ်ခဲ့ဖူးသည့် 'ကျွန်တော်က အသိဆုံးဖြစ်လို့ပါ'ဟု ဆိုရပေမည်။

ဆရာရှိန်နှင့်အတူတွဲပြီး အလုပ်လုပ်စဉ်က ဆရာ၏အမှတ်တရစကားလေးကိုလည်း သတိရနေသေး၏။ ကြဲကြိုက်တုန်းတင်ပြပါရစေ။ အင်မတန်မှ အဖိုးတန်သည့်စကားလေးပါ။ ဆရာရှိန်က ကျွန်တော်ကို 'မင်း သတင်းဌာနတစ်ခုခုရဲ့ အမည်နာမ ဒါမှမဟုတ် အသင်းအဖွဲ့တစ်ခုခုရဲ့ အမည်နာမကို ခုတုံးလုပ်ပြီး စာပေလောကထဲကို မဖြတ်သန်းချင်နဲ့။ မင်းရဲ့ကလောင်အမည်နဲ့ စာပေလောကထဲကို လိပ်ပြာသန့်သန့်နဲ့ ဖြတ်သန်းပြီးနေပါ'ဟု ဆိုသည်။ ထို့အပြင် ဆရာက 'စာပေသမားဆိုတာ သူဌေးတွေလို လူနိုင်၊ တန်းနိုင်ကြတာမဟုတ်ဘူးကွ။ ဒီတော့ မင်းက ကိုယ်ပိုင်ဆိုင်ထားတဲ့ကလောင်နဲ့ သာသနာပြုပေါ့ကွာ'ဟု ဆိုပါသည်။ တကယ့်ကို မှတ်သားစရာကောင်းသည့် ဆုံးမစကားပါ။ ဆရာရှိန်၏စကားကို ကျွန်တော်သည် ယနေ့အထိ ဦးထိပ်ရွက်ခံယူကာ ကျင့်သုံးနေလျက်ပါ။ လက်ရှိအချိန်အထိ မြေဝယ်မကျ နားထောင်ဆဲပါဟု ဆိုပါရစေ···။

ယခုအခါမှာတော့ ဆရာရှိန်သည် လူ့လောကတွင် မရှိတော့ပေ။ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပေ၏။ လွန်ခဲ့သည့်(၇)နှစ်ခန့်က ကွယ်လွန်သူ၏ ရုပ်ကလာပ်က ပြာကျ၍ အခိုးအငွေ့ဖြင့် ကောင်းကင်ယံမှာ ပျောက်ကွယ်သွားခဲ့လေပြီ။ သို့သော် ဆရာရှိန်၏ ရိုးဂုဏ်ရန့်ကတော့ မပျက်ပြယ်သေးပါ။ ထို့အပြင် ဆရာက သူပြုစုပျိုးထောင်ပေးခဲ့သည့် မန္တလေးနေ့စဉ်သတင်းစာကလည်း ယခုအချိန်အထိ အရှိန်ကောင်းကောင်းနှင့် စာရှူသူပရိသတ်တွေကြားထဲမှာ ပြန့်လွင့်နေဆဲဖြစ်သည်ဟု ဆိုရပေမည်။

ဆရာရှိန်သည် စာရေးဆရာဆိုသည့်ဘဝကို နှစ်သက်မြတ်နိုးလွန်းသဖြင့် ကျောင်းဆရာအလုပ်ကထွက်ခဲ့ပြီး 'စာရေးဆရာ၊ သတင်းစာဆရာ'ဖြစ်လာအောင် ကြိုးစားတည်ဆောက်ခဲ့သူပါ။ မတော်တဆနှင့် စာရေးဆရာဖြစ်လာခဲ့ရသည့် စာရေးဆရာမျိုးလည်းမဟုတ်။ စာရေးခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းခြင်းကို အလွန်မွန်မြတ်သောအလုပ်ဟု ခံယူထားသူဖြစ်၏။ ဤသည်တို့ကြောင့်လည်း စာရေးဆရာအလုပ်မှအပ အခြားဘာကိုမှ မလုပ်ကိုင်ဘဲ နောက်ဆုံးထွက်သက်အထိ ကျင့်သုံးသွားသူဖြစ်လေသည်။

ဆရာရှိန် ကွယ်လွန်ပြီးသည့်နောက်ပိုင်း ဆရာကို နှမြောတသ ယူကြုံးမရကြသည့် စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ပန်းချီဆရာတွေက အလွမ်းစာတွေ၊ အလွမ်းကဗျာတွေအပြင် ဂုဏ်ပြုစာတွေ၊ ဂုဏ်ပြုကဗျာတွေနဲ့ ရေးဖွဲ့ခြင်းမှုန်းခဲ့ကြပေ၏။ တစ်နည်းဆိုရလျှင် မန္တလေးစာပေလောကၭ လွမ်းတေးမဆုံးနိုင်ဘဲ ရှိနေလေတော့သည်။

ကျွန်တော်သည် လူ့လောကၭ မရှိတော့သည့် လူတစ်ယောက်၏အကြောင်းကို အလွမ်းနယ်နိမိတ် ချဲ့ထွင်နေခြင်းမဟုတ်ပါ။ တကယ်တော့ 'လူတစ်ယောက်မရှိတော့ခြင်းသည် အနှီပုဂ္ဂိုလ်၏နေရာ၌ လစ်ဟာချက်၊ နစ်နာချက်တွေသည် ကြာလေ၊ ကြာလေ ပေါ်လွင်လာလေ'ဟု ဆိုရပေမည်။ ဟုတ်ပါသည်။ လူတစ်ယောက်၏ တန်ဖိုးကို ထိုလူမရှိတော့မှဘဲ ပို၍ သိလာလေလေ ဖြစ်တော့သည်။

ကျွန်တော့်အနေဖြင့် ဆရာရှိန်ကို ချစ်ခင်လေးစားသောစိတ်၊ လွမ်းဆွတ်'တာ'သောစိတ်နှင့် ရေးသားမိခြင်းဖြစ်သည်။ ထို့အပြင် အချိန်အခါကလည်း လွမ်းအောင်မုန်းသည့် ဆောင်းရာသီလည်း ဖြစ်နေပြန်၏။

အဆိုပါအလွမ်းမှသည် ခွန်အားများလည်း ဖြစ်ပေါ်စေနိုင်၏။ အလွမ်းမှသည် ဖြေဆည်နိုင်ကြမည်ထင်သည်။ လွမ်းရင်းဖြင့် မိမိတို့ ဉာဏ်မီသမျှ သံဝေဂတွေ ယူနိုင်ကြပါစေဟု ဆန္ဒပြုရင်း ကမ္ဘတ် နိဂုံး အဆုံးသတ်ပါရစေ····။

ဆရာပေးသောလက်ဖြင့်-

မြောက်ပြင်တော်က ကိုဇွေမော်

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မိုင်းယောင်း နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုဝင်ဘာလ ဒုတိယပတ်က အ·မ·က(ယမ်းခမ်း)နှင့် အ·မ·က(ပုံချိုဝေး)တို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။**(အပေါ်ယာပုံ)**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်နန်းပန်တို့က ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များ ဖြစ်စေရန် ဗလငါးတန်ဟူသည် ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ ဘောဂဗလ၊ စာရိတ္တဗလကို ဆိုလိုကြောင်း၊ ကာယဗလမှာ ကိုယ်၏ စွမ်းအား၊ ဉာဏဗလမှာ ဉာဏ်၏ စွမ်းအား၊ မိတ္တဗလမှာ မိတ်ဆွေကောင်းရှိသော စွမ်းအား၊ ဘောဂဗလမှာ ဥစ္စာပေါများခြင်း၏ စွမ်းအားဖြစ်၍ စာရိတ္တဗလမှာ ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်သော စွမ်းအားဖြစ်ကြောင်း လူငယ်မောင်မယ်များ ဗလငါးတန်ပြည့်ဝရေး အကြောင်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

ထွန်းမြင့်လှိုင်(ပြန်/ဆက်)





"ကလေးတိုင်းစာဖတ်သူဖြစ်စေရမည်" အစီအစဉ်များ ကျင်းပ

ကျွန်းလှ နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် (Every Child a Reader) အစီအစဉ်များကို ယမန်နေ့ နံနက်ပိုင်းက ကလေးစာဖတ်ခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် အစီအစဉ် ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကလေးငယ်များကို စိတ်ဝင်စားဖွယ်ရာ ရုပ်ပြပုံပြင်များ ဖတ်ပြခြင်း၊ ကလေးငယ်များက မိမိတို့ကြိုက်နှစ်သက်သည့် ပုံပြင်များကို အမူအရာဖြင့် ရွတ်ပြခြင်း၊ အသီးရုပ်ပုံများ ဆေးရောင်ခြယ်ခြင်းနှင့် စာအုပ်၊ စာစောင်များ စိတ်ကြိုက်ရွေးချယ်ဖတ်ရှုစေခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကလေးတိုင်း စာဖတ်သူဖြစ်စေရမည် အစီအစဉ်သို့ ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ မူလတန်းလွန်းကျောင်းမှ မူလတန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)



စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ပျော်ဘွယ် နိုဝင်ဘာ ၂၅

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်းကို ပိုမိုစိတ်ဝင်စားလာစေရန်နှင့် ဖတ်ရှုလေ့လာထားသည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ဆွေးနွေးနိုင်သည့်စွမ်းရည်များ တိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ရုံး၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက "ဒို့ကျေးရွာ" ဂျာနယ်ပါ ဆောင်းပါးများကို ဖတ်ရှု၍ ပြန်လည်ဆွေးနွေးကြရာ ပြန်လည်ဆွေးနွေးမှု အကောင်းဆုံးကျောင်းသား၊ ကျောင်းသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)





တန်ဖိုးအကြီးဆုံးအရာ

* အပေါ်ယံက - ဆင်ကာသ,လျက်
  လှလှပပ - ဝတ်ဆင်ကြလည်း
  စိတ်ကဖြူစင် - မဖြူစင်ကို
  အသင်သိနိုင်ပါသလား ။
* ရုပ်လက္ခဏာ - ကောင်းမွန်ပါလည်း
  စိတ်မှာဖြူစင် - မဖြူစင်ကို
  အသင်သိနိုင်ပါသလား ။
* ပစ္စည်းဓန - ပေါ်ကြွယ်ဝလည်း
  စိတ်ကဖြူစင် - မဖြူစင်ကို
  အသင်သိနိုင်ပါသလား ။
* ရာထူးအာဏာ - ပြည့်စုံပါလည်း
  စိတ်မှာဖြူစင် - မဖြူစင်ကို
  အသင်သိနိုင်ပါသလား ။
* ပညာရှိဟု - နှံ့သိကျော်ကြား
  တန်ခိုးထွားလည်း - စိတ်ထားဖြူစင်
  မဖြူစင်ကို - အသင်သိနိုင်ပါသလား ။
* သြော် - လောကမြေလွှာ - ဤကမ္ဘာဝယ်
  မေတ္တာစိတ်တန်ခိုး - လူကိုစိုးသည်
  တန်ဖိုးမဆုံးဖြတ်နိုင်တကား ။

အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)

ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရန်နှင့် ပလတ်စတစ်သုံးစွဲမှု လျှော့နည်းပပျောက်စေရန် ရည်ရွယ်၍ ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်း၊ ဈေးဝယ်များနှင့်တွေ့ဆုံ၍ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်း သာယာလှပစေရန်နှင့် ပလတ်စတစ်အမှိုက်များ လျှော့နည်းပပျောက်စေရန် ဈေးရောင်း၊ ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်း မပြုကြရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ၎က်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကိုသာ အသုံးပြု၍ ထုပ်ပိုးရောင်းချကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန် စသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးလုပ်ငန်းများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဈေးရောင်း၊ ဈေးဝယ်ရာ၌ အသုံးပြုရန် အင်ဖက်၊ ၎က်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေဝှခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

--*-*-*



သံသရာအေးစေတီတော်တွင် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



နောင်ချို နိုဝင်ဘာ ၂၅

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ဆရာတော်၊ သံဃာတော်များအား အစဉ်အလာမပျက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက နောင်ချိုမြို့ သံသရာအေးစေတီတော်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်တို့က သံသရာအေးစေတီတော်ကြီးအား ဗုဒ္ဓဘိသေက အနေကဇာတင်ပူဇော်ခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဟော်တော်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ဆွမ်းဆန်စိမ်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးဝါးများနှင့် နဝကမ္မအလှူငွေများကို နောင်ချိုမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များအား သဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၅၀ ဦးခန့်က သဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြောင်း သံသရာအေးဂေါပကထံမှ သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း (၃/၂၀၂၆)ဖွင့်လှစ်ပို့ချ

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွမ်းကျင်မှု၊ လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ ယမန်နေ့နံနက် ၉ နာရီခွဲက အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ကြီးမှူး၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း (၃/၂၀၂၆) ဖွင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို အသုံးချ၍ မိမိတို့၏ လုပ်ငန်းခွင်များတွင် လုပ်ငန်းခွင်ဘေး အန္တရာယ်ကျရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်းများ လုပ်ဆောင်နိုင်ရန်၊ သင်တန်းပြီးဆုံးပြီးနောက် မိမိတို့လုပ်ငန်းခွင်များသို့ ပြန်လည်ရောက်ရှိချိန်တွင် လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးကြရန်၊ လုပ်ငန်းခွင်အတွင်းရှိ လူများကို ပြန်လည်မျှဝေပေးရန်၊ လုပ်ငန်းတစ်ခု စဉ်ဆက်မပြတ်တိုးတက်အောင်မြင်စေရေးအတွက် အဓိကရည်ရွယ်၍ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ခေတ္တတိုင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းလဲ့လဲ့ရည်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တာ ဖွင့်လှစ်ပို့ချခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးနှင့် စစ်ဆေးရေးအရာရှိများ၊ အလုပ်သမားဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီးတာဝန်ခံများ၊ ကျွမ်းကျင် လေ့ကျင့် ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၅)

မဟာမုနိဘုရားကြီးကျောင်းတော်အပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားအသစ် ကပ်လှူပူဇော်ရန် ငွေများလှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ မဟာမုနိဘုရားကြီး သာသနိကအဆောက်အအုံများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ ရှေးမူမပျက်ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မဟာမုနိဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် ငွေများလာရောက်လှူဒါန်းလျက်ရှိသည်။ မဟာမုနိဘုရားကြီးကျောင်းတော်ပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်၊ ရွှေပြားအသစ် ကပ်လှူပူဇော်ရန် နိုဝင်ဘာ ၂၄ ရက်က မဟာအောင်မြေမြို့နယ်နေ ဒေါ်သန်းရင်(သမီး) သီရိရွှေစင်စိန်ရွှေရတနာဆိုင်ဝန်ထမ်းများမှ ငွေကျပ်သိန်း ၉၀ အလေးချိန် တစ်ကျပ်ရှစ်ပဲသားရှိ ကိုးလက်မပတ်လည် ရွှေစင်ရွှေပြားတစ်ချပ်၊ ဦးစံပိုင်အား ရည်စူး၍ ဒေါ်စောရီမိသားစုက ငွေကျပ်သိန်း ၉၀ ရွှေစင်ရွှေပြားတစ်ချပ်၊ ရဲမွန်တောင်ရပ်ကွက်နေ ဦးနီနီ+ ဒေါ်လူစီ မိသားစုက ငွေကျပ်သိန်း ၉၀ ရွှေစင်ရွှေပြားတစ်ချပ်တို့ကို လာရောက်လှူဒါန်းရာ မဟာမုနိ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်နှင့် ဂေါပကအဖွဲ့ဝင်များကလက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၅)

o-o-o-o-o

ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ စေတီပုထိုးများနှင့် ကျောင်းတိုက်အတွင်း၌ ဥပုသ်သီလဆောက်တည်သူများနှင့် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ကပ်လှူပူဇော်ပွဲကို နှစ်စဉ်မပြတ် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းမှ စတင်၍ ကျင်းပလျက်ရှိသည်။

ထိုသို့ ကျင်းပရာတွင် ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သာသနာနှစ် ၂၅၇၀၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားစေတီပုထိုးများ၌ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဆွမ်းများ ဆက်ကပ်ခြင်း၊ ရေချမ်းများ ဆက်ကပ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြပြီး ညချမ်းအချိန်အခါသမယတွင် စေတီပုထိုးများအား ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်၍ ဝင်္ကပါပွဲများအား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဟိန်းပြည့်ဇော်(ရမည်းသင်း)



အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၅

အနာဂတ်ကာလမျိုးဆက်သစ်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို အဆိုပါကျောင်းရှိ ခန်းမဆောင်၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်စုကြည်က ကျောင်းသားလူငယ်များအနေဖြင့် အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် လူငယ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများအား ဆွေးနွေးပေးရာတွင် ဂရုတစိုက်မှတ်သားလေ့လာကြရန် မှာကြားသည်။

ဆက်လက်ပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းစတင်ဆောင်ရွက်ရာ ဦးစီးအရာရှိနှင့် အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်းကိုးဦးမှ ခေါင်းစဉ်ကိုးရပ်နှင့်အတူ အသီးသီးဆွေးနွေးပြောကြားပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသားလူငယ်များမှ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၅၀)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဗြဟ္ဓစိုရ်လူမှုကူညီရေးအသင်းသို့ နိုဝင်ဘာ ၂၀ ရက်က မန္တလေးမြို့နေ ဦးကံ+ဒေါ်သိန်းရီ (ရွှေမန်းသမ္မတထီရုံ)တို့အား ရည်စူး၍ ဦးကျော်သိန်း(၆၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ငွေကျပ်(၇၁၉၁၀၀၀၀)တန်ဖိုးရှိ ကျောက်ကပ်တုသွေးသန့်စင်စက်(ဂျာမနီ)တစ်လုံးအား လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်းနှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(အပေါ်ပုံ)ကျော်မင်းသော်

ကုသိုလ်ဝေသီ တူနွဲပျော် တန်ဆောင်တိုင် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ မြို့မအမှတ်(၁၀)ရပ်ကွက်တွင် လူငယ်စွမ်းအား ဝတ်အသင်းနှင့် ပရဟိတအဖွဲ့တို့မှ ဦးဆောင်ကျင်းပသည့် ကုသိုလ်ဝေသီ တူနွဲပျော် တန်ဆောင်တိုင် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၂၄ ရက် ညနေ ၃ နာရီမှ ည ၇ နာရီအထိ အမှတ်(၁၀)ရပ်ကွက်တွင် ကျင်းပခဲ့သည်။

အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်ကို မြို့မရပ်ကွက်ရှိ ထိန်ကန်အနောက်ကျောင်း ဆရာတော် ဦးနန္ဒိယ၏လမ်းညွှန်မှုဖြင့် အမှတ်(၁၀)ရပ်ကွက် လူငယ်စွမ်းအား ဝတ်အသင်းနှင့် ပရဟိတအဖွဲ့ဝင်များပါဝင်သည့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ဦးစီးကျင်းပခြင်းဖြစ်ပြီး၊ ဈေးပွဲတော်တွင် မြန်မာ့ရိုးရာ စားစရာများဖြစ်သည့် မုန့်ဟင်းခါး၊ မုန့်ပျားသလက်၊ ထန်းမြစ်ပြုတ်၊ ထန်းမြစ်ဖုတ်၊ မုန့်လုံးရေပေါ်၊ မုန့်ဇလင်းတောင်၊ မုန့်လုံးကြီးဆီစိမ်၊ မုန့်လက်ဆောင်း၊ ရေမုန့် အစရှိသည်များကို လတ်လတ်ဆတ်ဆတ် ပြုလုပ်ရောင်းချသွားမည့်အပြင် အချိုရည်များ၊ ပေါင်မုန့်၊ ကိတ်မုန့်များ၊ လူသုံးကုန်ပစ္စည်း ဆပ်ပြာရည်များကို ရောင်းချသွားမည်ဖြစ်ရာ၊ ဆိုင်ခန်းပေါင်း ၄၀ ခန့်ရှိ၍ ပွဲတော်လာရောက်သည့် လူတစ်ဦးလျှင် လက်မှတ်လေးစောင်နှုန်းအခမဲ့တောင်းယူ၍ အဆိုပါလက်မှတ်ဖြင့် မိမိတို့နှစ်သက်ရာ မုန့်ပဲသရေစာများကို ဝယ်ယူစားသုံးနိုင်ကြသည်။ နိဗ္ဗာန်ဈေးပွဲတော်ကို ညနေ ၃ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စတင်ပြီး ဈေးရောင်းချခြင်းကို ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကျင်းပခဲ့ရာ မြို့ပေါ်မှ လာရောက်သူများ၊ ရပ်ကွက်နေ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(၄၅၆)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ကိုးလုံး စုစုပေါင်းအဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို မြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရနှင့် စစ်ကိုင်းမြို့နယ်တို့တွင် ငွေကျပ် ငါးဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ သိန်းကျော်နှင့် ဘိန်းဖြူ ၄၈ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရနှင့် စစ်ကိုင်းမြို့နယ်တို့တွင် ငွေကျပ် ငါးဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ သိန်းကျော်နှင့် ဘိန်းဖြူ ၄၈ ကီလိုကျော် သိမ်းဆည်းရမိပြီး ဖမ်းဆီးမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်နေ မနှင်းနှင်းဦး(ခ) ဂျပန်မဖ၊ နေအိမ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် နားဌေးဂေးကျရွာနေ မိုးထက်အောင်(ခ)မိုးထက်အား ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ Nissan Tiida ယာဉ်တစ်စီးတို့နှင့်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့တွင် အမရပူရမြို့နယ်၌ အေးချိုအား ဘိန်းဖြူ ၂၂ ကီလို၊ ဆိုင်ကယ်တစ်စီးတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် စောကဲဘလူးမူးနှင့် မဖြူဖြူဝင်းတို့အား ကလေးမြို့၌ လည်းကောင်း၊ မအိအိကျော်(ခ) အိကျော်နှင့် ထက်ပိုင်မှူး(ခ)ထက်ပိုင်အား ပြည်ကြီးတံခွန်မြို့နယ်၌လည်းကောင်း၊ အောင်ခိုင်စိုး(ခ)သားထူးအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ ဟိုတယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



တရားခံ အောင်ခိုင်စိုး(ခ)သားထူး၊ စောကဲဘလူးမူး၊ ထက်ပိုင်မှူး(ခ)ထက်ပိုင်၊ အေးချို၊ မိုးထက်အောင်(ခ)မိုးထက်၊ မအိအိကျော်(ခ)အိကျော်၊ မနှင်းနှင်းဦး(ခ)ဂျပန်မနှင့် မဖြူဖြူဝင်းတို့အား သိမ်းဆည်းရမိ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလိုနှင့်အတူ တွေ့ရစဉ်။

မိုးထက်အောင်(ခ)မိုးထက်၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်တွင် နောင်နောင်အား စိတ်ကြွဆေးပြား တစ်သိန်း၊ သုံးဘီးယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၌ ဖမ်းဆီးရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရာဇာလင်းနှင့် ဆုအောင်ကိုလည်းကောင်း၊ ထင်ကျော်(ခ)ကျော်ကြီးအား ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ကျော်ဇင်ထွေးအား ချမ်းမြသာစည်မြို့နယ်၌ ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့်ပူးပေါင်း၍ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းရွာအနီးတွင် ကျော်ဇင်ထွေးထံမှ ကလေးသို့ပို့ဆောင်ရန် သိုက်သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၁၈ ဒသမ ၅ သိန်းအား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် သိမ်းဆည်းရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ခိုင်းသူ အောင်အောင်(ခ)ဘကြီးအောင်အား ကလေးမြို့ အောင်မြေမာန်ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် အထက်ပါပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် ရှားတောလေးရွာအနီး၌ လှိုင်နေထွန်းနှင့် ထွန်းမင်းလတ်တို့နှစ်ဦးအား Canter ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးချက်အရ ယင်းနေ့တွင် သိမ်းဆည်းရမိဘိန်းဖြူများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် မဦးမြောနှင့် ဝဏ္ဏထွန်းတို့နှစ်ဦးကို အောင်မြေသာစံမြို့နယ်၌လည်းကောင်း၊ မစန်းစန်းအေးနှင့် စောလှထူးတို့အား ပြည်ကြီးတံခွန်မြို့နယ်၌လည်းကောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများ ပို့ဆောင်ခိုင်းသူ သားချိုဝင်း(ခ)ကိုသားကြီး(ခ)ကိုသားအား ဧရာဝတီရီဖြူနယ်၌ Toyota Kluger ယာဉ်တစ်စီးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ သဖြင့် ဖမ်းဆီးမှုဖြစ်စဉ်တွင် ငွေကျပ် ၅ ဒသမ ၃၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၉ ဒသမ ၅ သိန်းနှင့် ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလို တို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွဆေးပြားများအား သယ်ဆောင်ခိုင်းသူမှာ တမူးမြို့နေ လားရီအဲ(ခ)သားကြီး(ခ)အဲငါ (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများအား ရောင်းချရန်ပို့ဆောင်ခိုင်းသူမှာ ဖယ်ခုံမြို့နယ်နေ တင်ဝင်း(ခ)ကံဦး(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏စီမံမှုဖြင့် ဖယ်ခုံမြို့နယ်နေ မိုးကျော်(ခ) မိုးအောင်က ပင်လောင်းမှ မန္တလေးသို့ သယ်ဆောင်ရောင်းချခြင်းဖြစ်ပြီး မန္တလေးမှတစ်ဆင့် ကလေးသို့ ဆက်လက်သယ်ဆောင်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ သတင်းရယူဖော်ထုတ်ဖမ်းဆီးမှုအပေါ် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခေါ်ချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းမြို့တွင် Mobile Library စနစ်ဖြင့် သုတ/ရသ စာအုပ်များ အခမဲ့ငှားရမ်းပေး

စစ်ကိုင်း၊ နိုဝင်ဘာ ၂၅

စစ်ကိုင်းမြို့တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရွယ်ကြွေးရန်ရည်ရွယ်၍ စာဖတ်ရှုနိုင်ဖြင့် တင်ရေးလှုပ်ရှားမှုအဖြစ် စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စာဖြူထွန်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက် ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)သို့ သွားရောက်၍ Mobile Library စနစ်ဖြင့် သုတ၊ ရသ စာအုပ်များကို အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်စာစောင်ပြပွဲများ ဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)တွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကျောင်းသား၊ ကျောင်းသူများအား သုတ၊ ရသစာအုပ်၊ စာစောင်များငှားရမ်းခြင်းနှင့် စာအုပ်စာစောင်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင်လည်း ရွေ့လျားစာကြည့်တိုက် (Mobile Library)စနစ်ဖြင့် အပတ်စဉ်သွားရောက်၍ သုတ၊ ရသစာအုပ်၊ စာစောင်များ(အခမဲ့) ငှားရမ်းခြင်းနှင့် စာအုပ်စာစောင်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)
အေးငြိမ်းစံ(ငြန်/ဆက်)
၀-၀-၀-၀-၀



ချန်ပီယံလိုက် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိုက်အဆင့် အနိုင်၊ အရှုံး NGB
ဆာဘက်ချ် ၁ - ၄ ဘာစီလိုနာ
ဆလားဗီးယားပရက် ၀ - ၁ ဗီလာရီးရဲလ်



မေယဂိရိရပ်ကွက်၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ မေယဂိရိရပ်ကွက်၊ အကွက်(၁၄၂)တွင် နိုဝင်ဘာ ၂၃ ရက်က မီးဘေးအန္တရာယ်ကြို တင်ကာကွယ်ရေးနှင့် ပြည်သူများ၏ မီးဘေးလုံခြုံရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ မီးဘေးလုံခြုံရေးအခြေအနေများကို စစ်ဆေးခြင်း၊ ပြည်သူများအနေဖြင့် 191 Report Application ကို အသုံးပြုနိုင်ရေးအတွက် လက်တွေ့ကွင်းဆင်း ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် မီးငြိမ်းသတ်ရေးအတွက် ရေရရှိနိုင်မှုအခြေအနေများ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများသည် ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး၊ အရေးပေါ်အခြေအနေများတွင် သက်ဆိုင်ရာသို့ အချိန်မီသတင်းပို့နိုင်ရေးနှင့် ပြည်သူများ မီးဘေးလုံခြုံရေးအသိပညာ ပိုမိုရရှိစေရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၇၀)

ရွှေစည်းခုံဧတီတော် (၉၆၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လုံးနှင့် စာရေးတံမဲ လောင်းလှူပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၅

မဟာရာဇသီရိ အနိရုဒ္ဓဒေအနော်ရထာမင်းတရားကြီးနှင့် သီရိတြိဘဝနာဒိတျဓမ္မရာဇကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် အုံဖွယ်ကိုးစုံ ရွှေစည်းခုံဧတီတော်၏ (၉၆၇)ကြိမ်မြောက် ဆွမ်းသပိတ်လုံးနှင့် စာရေးတံမဲလောင်းလှူပွဲကို နိုဝင်ဘာ ၂၄ရက်(တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၇ နာရီမှ စတင်၍ ဧတီတော်ကြီးအရှေ့တောင်ထောင့် ရင်ပြင်တော်ပေါ်တွင် လောင်းလှူခဲ့ကြောင်း ရွှေစည်းခုံဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေစည်းခုံဧတီတော်၏ (၉၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်နှင့် စာရေးတံမဲလောင်းလှူရာတွင် ပင့်သံဃာတော် ၈၆၃ ပါးအား တစ်ပါးလျှင် ဆွမ်းသပိတ်လုံး နှစ်လုံးလောင်းလှူခဲ့သည်။

အဆိုပါ ရွှေစည်းခုံဧတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လုံး လောင်းလှူရာသို့ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီဥက္ကဋ္ဌ ဦးဇေပိုင်ထက်နှင့် ခရိုင်ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မြို့မိ၊ မြို့ဖများက ဆွမ်းသပိတ် ၂၀၀၀ လုံး လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၁)



စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည် အစီအစဉ်ဆောင်ရွက်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများအတွက် 'စာဖတ်သူလူငယ်များ၏အနာဂတ်တောက်ပရမည်' အစီအစဉ်ဖြင့် စာအုပ်အကြောင်း မိတ်ဆက်ခြင်းနှင့် စာအုပ်ပါ အကြောင်းအရာများ ပြန်လည်သုံးသပ်ရေးသားခြင်းများကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနတွင် ပြုလုပ်ခဲ့သည်။ **(အောက်ဝဲပုံ)**



အဆိုပါ အစီအစဉ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က ကျောင်းသား၊ ကျောင်းသူများအတွက် 'စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည်' အစီအစဉ် ဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်စန်းညွန့်ဌေးက စာရေးဆရာ ထင်လင်းဘာသာပြန်သည့် ပေါ်ရီရာနာ စာအုပ်နှင့် စာရေးဆရာမ ဂျူးရေးသားသည့် သူလိုမိန်းမစာအုပ်များကို ဖတ်ကြားပြီး ဇာတ်လမ်းဇာတ်ကွက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အဆိုပါ ဖတ်ကြားပြသည့် စာအုပ်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့သိရှိနားလည်သမျှကို သုံးသပ်ချက် ပြန်လည်ရေးသားခြင်းများ ဆောင်ရွက်ကြပြီး မြို့နယ်ဦးစီးမှူးနှင့် အထက်တန်းပြဆရာမများက အဆိုပါသုံးသပ်ချက်များအပေါ်တွင် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ 'စာဖတ်သူလူငယ်များ၏အနာဂတ်တောက်ပရမည်' အစီအစဉ်ဖြင့် ဆောင်ရွက်သည့် စာအုပ်များ မိတ်ဆက်ခြင်းနှင့် သုံးသပ်ချက် ပြန်လည်ရေးသားခြင်း အစီအစဉ်များကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade-11 ကျောင်းသား၊ ကျောင်းသူ ၇၀ ဦးနှင့် ကြီးကြပ်သူ ဆရာမ သုံးဦး၊ စုစုပေါင်း ၇၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၄၅၆)**

လူငယ်နှင့် ဒီဂျစ်တယ် နည်းပညာပေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

ပွင့်ဖြူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း(Book Club)တို့ပူးပေါင်းပြီး လူငယ်များအသိပညာတိုးပွားပြီး တိုးတက်ပြောင်းလဲလာသော ဒီဂျစ်တယ် နည်းပညာပိုင်းဆိုင်ရာ သိကောင်းစရာများကို သိရှိနားလည်ပြီး လက်တွေ့အသုံးချတတ်စေရန်ရည်ရွယ်၍ 'လူငယ်နှင့် ဒီဂျစ်တယ် နည်းပညာဆိုင်ရာ' ခေါင်းစဉ်ဖြင့် အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဒေါ်အေးအေးနိုင်က အသိပညာပေး (Talk Show) ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း(Book Club) အတွင်းရေးမှူးဆရာကြီး ဦးကျော်စိုး(ပညာရေး-ငြိမ်း)က ကျောင်းသားများနှင့် လူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန်၊ တိုးတက်ပြောင်းလဲလာသော ဒီဂျစ်တယ်နည်းပညာများကို ကောင်းစွာသိရှိနားလည်ပြီး အကျိုးရှိရှိ လက်တွေ့အသုံးချတတ်စေရန် ရည်ရွယ်၍ ဒီဂျစ်တယ် နည်းပညာကို မှန်ကန်စွာ အသုံးပြုခြင်းဖြင့် ဆက်သွယ်ရေးမြန်ဆန်ခြင်း၊ ပညာရေးနှင့် သင်ယူမှုလွယ်ကူခြင်း၊ လုပ်ငန်းခွင်ထိရောက်မှု တိုးတက်လာခြင်းနှင့် သတင်းအချက်အလက်များကို လွယ်ကူစွာ ရရှိနိုင်ခြင်း စသည့် ဒီဂျစ်တယ်နည်းပညာ၏ အသုံးပြုပုံနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၀၃၇)

(၄၄၅)



သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။

၂၀၂၆ ခုနှစ်ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ပခုက္ကူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၂၆ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပခုက္ကူခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ခံဘဏ်မန်နေဂျာ ဦးမောင်မောင်ဦးက ဆောင်းရာသီစိုက်ပျိုးစရိတ်ထုတ်ချေးပေးရသည့် ရည်ရွယ်ချက်များနှင့် တောင်သူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဘဏ်ဝန်ထမ်းများက ပခုက္ကူမြို့နယ်၊ ကုက္ကိုလှကျေးရွာအုပ်စုရှိ ဆယ်ရွာ၊ ဘွတ်ကုန်း၊ သင်္ဘောကုန်းနှင့် မယ်ဇလီကုန်းကျေးရွာများမှ တောင်သူ ၁၄ ဦး၏ ဆောင်းရာသီစိုက်ပျိုးသီးနှံ ၄၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၅၀၀၀၀ အား ထုတ်ချေးပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ တောင်သူများ၏ဆောင်းရာသီ စိုက်ပျိုးသီးနှံ ၁၂၅ ဧကအတွက် စုစုပေါင်းငွေကျပ် သိန်း ၃၈၀ ထုတ်ချေးပေးနိုင်ရေးအတွက် လျှောထားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(၃၄၀)**



ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



စဉ်ကိုင် နိုဝင်ဘာ ၂၅

ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ ကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ-ထ-က(စော်ရဲ)တို့ ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက SMU ခန်းမ၌ ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်းတွင် အ-ထ-က(စော်ရဲ) ကျောင်းအုပ်ဆရာကြီး ဦးဇော်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ပြင်ပစာပေဗဟုသုတများကို လေ့လာဖတ်ရှုတတ်စေရန်၊ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိစေရန်၊ စဉ်းစားဉာဏ်နှင့် အတွေးအခေါ်များကို ရရှိစေရန်၊ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ် တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ ကျွမ်းကျင်စွာ တတ်မြောက်ပြီး လူအများရှေ့တွင် ရဲရဲဝံ့ဝံ့ ပြောဆိုတတ်စေရေးတို့ကို ရည်ရွယ်၍ ယခုလို လူငယ်စကားဝိုင်းကိုကျင်းပရကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး အ-ထ-က (စော်ရဲ)မှ Grade – 11 ကျောင်းသူ မခိုင်ဇင်မွေးက 'လူငယ်နှင့် မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူ မရှင်းသန့်ဖြူက 'လူငယ်နှင့် ကျန်းမာရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade – 11 ကျောင်းသူ မကြယ်စင်ဖြူက 'လူငယ်နှင့် စာဖတ်ခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade – 11 ကျောင်းသူ မမြတ်နိုးဝေက 'လူငယ်နှင့် နည်းပညာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-6 ကျောင်းသူ မစုလေးနွယ်က 'လူငယ်နှင့် ဝတ်စားဆင်ယင်မှု' စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် သိရှိလိုသည်များအား မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့သည်။

ထို့နောက် အလယ်တန်းပြဆရာမဒေါ်ခင်စန္ဒာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာ နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျော်စွာ (စဉ်ကိုင်)



အိမ်ထောင်စုများသို့ ဆီဝယ်ယူခွင့်စာအုပ်ဖြင့် စားအုန်းဆီများ ရောင်းချပေးနေမှု ကွင်းဆင်းစစ်ဆေး

မြင်းခြံ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ အများပြည်သူသို့ ဖြန့်ဖြူးရောင်းချပေးသော စားအုန်းဆီများ အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်စာအုပ်ဖြင့် တစ်လလျှင်နှစ်ပိသာ ၅၀ ကျပ်သားနှုန်းဖြင့် မှန်မှန်ကန်ကန် လက်ဝယ်ရောက်ရှိစေရေး၊ သတ်မှတ်အရေအတွက်သတ်မှတ်ဈေးနှုန်းနှင့် ရောင်းချခြင်းရှိ၊ မရှိ၊ မှန်(၆) မှန်နှင့်အညီ ရောင်းချစေရေး၊ ဆက်သွယ်တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ ရိုက်နှိပ်ဖော်ပြပေးထားခြင်းရှိ၊ မရှိ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြင်းခြံမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ် မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်ရုံးကပ်ပတီ ။



စာကြည့်တိုက်လှုပ်ရှားမှု ဆောင်ရွက်

မိုင်းယောင်း နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ နိုဝင်ဘာလ တတိယပတ်က 'ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ' စာကြည့်တိုက်လှုပ်ရှားမှုအဖြစ် လူငယ်များအတွက် 'ဘဝတိုးတက်ရေးအတွက် အသိပညာ' Campaign ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်း၊ ဒုတိယဦးစီးမှူးဒေါ်နန်းပန်နှင့် ဝန်ထမ်းများက အလုပ်အကိုင်၊ စီးပွားရေး၊ ကိုယ်ပိုင်ဖွံ့ဖြိုးမှုနှင့် နေ့စဉ်ဘဝ အသုံးချဗဟုသုတဆိုင်ရာ စာအုပ်များ ပြသခြင်း၊ ပညာရှင် (သို့မဟုတ်) သက်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ရှာဖွေခြင်းနှင့် အွန်လိုင်းသတင်းမှန်ကန်မှု စစ်ဆေးခြင်းဆိုင်ရာ မိတ်ဆက်အစီအစဉ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

စာကြည့်တိုက်သို့ လာရောက်သူဦးရေ တိုးပွားလာစေရန်၊ အသင်းဝင်အသစ်များ တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် 'ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ' စာကြည့်တိုက်လှုပ်ရှားမှုအဖြစ် 'စာဖတ်ခြင်းမှ အသိပညာ၊ အသိပညာမှအနာဂတ်' ဆောင်ပုဒ်ကိုချိတ်ဆွဲခြင်း၊ ကလေးများအတွက် 'ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်'၊ လူငယ်များအတွက် 'ဘဝတိုးတက်ရေးအတွက် အသိပညာ'၊ ကျောင်းသား၊ ကျောင်းသူများအတွက် 'လူငယ်စာဖတ်သူ၊ အနာဂတ်တောက်ပရမည်' လှုပ်ရှားမှုနှင့် မိဘများအတွက် 'မိသားစုနှင့်အတူ စာဖတ်ကြစို့' လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ဝေဝေခိုင်(ပြန်/ဆက်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ အကွက်အမှတ်(၈၂၅)၊ တောင်ကုန်းကြီးရပ်အတွင်းရှိ မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်းဆောင်ရွက်ရာတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွား၊ မပေါ်ပေါက်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မဟာအောင်မြေမြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္ဓေ ငါးဦး၊ အရန် ၂၅ ဦး၊ စုစုပေါင်း မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ မဟာမြိုင်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ အကြံပေးခြင်းနှင့် မီးဘေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၅၆)

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၁၄၃၈၀ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၄၃၈၀ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီစေရန်အတွက် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၃၈၀ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

'ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။ လက်ရှိအချိန်မှာ နှမ်း ၁၄၃၈၀ ဧကအထိ စိုက်ပျိုးပြီးသွားပြီဖြစ်တယ်။ ဆက်လက်၍ လည်း စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့ နှမ်းမျိုးတွေ စိုက်ပျိုးနိုင်ဖို့ကိုလည်း သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်' ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းသီးနှံအပါအဝင် ဆီထွက်သီးနှံစုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေး ၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများဖြစ်သည့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

(ဝဲပုံ) (၄၄၅)

ကမ္ဘာကျော်မိုးညှင်းသမ္မဒ္ဒေဘုရားပုဒ္ဓပူဇနီယပွဲတော် အထူးစည်ကား

မုံရွာ နိဝင်ဘာ ၂၅

မုံရွာမြို့နယ် ကမ္ဘာကျော် မိုးညှင်းသမ္မဒ္ဒေဘုရားဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းပွဲ နှင့်ဈေးပွဲကို ကိုဗစ်ကာလနောက်ပိုင်း ခုနစ်နှစ်အကြာပြန်လည်ကျင်းရာ အထူးစည်ကားခဲ့သည်။

ဆွမ်းဆန်စိမ်းနှင့် လူဖွယ်ဝတ္ထုပစ္စည်း အမြောက်အမြားကို မုံရွာမြို့နှင့် မိုးညှင်းသမ္မဒ္ဒေစေတီကြီး ဝန်းကျင်ဒေသများမှ ကျေးရွာများအပြင် အဝေးမြို့ရွာများကပါ ယခုနှစ် ဘုရားပွဲပြန်လည်ကျင်းပသည့်အတွက် လာရောက်လောင်းလှူခဲ့ကြသည်ကို တွေ့ရသည်။

ဆွမ်းဆန်စိမ်းလောင်းပွဲတွင် မုံရွာမြို့နှင့်ဝန်းကျင်ကျောင်းတိုက်များမှ ပင့်သံဃာအပေါင်း ၁၂၀ ကို ဘုရားပွဲလာ အလှူရှင်၊ စေတနာရှင်များက ဆွမ်းဆန်တော်၊ ဝတ္ထုဒွေ၊ ခေါက်ဆွဲခြောက်၊ ကြာဆံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ သပိတ် စသဖြင့် လူဒါန်းဖွယ်ရာ အစုံလူဒါန်းကြခြင်းဖြစ် သည်။

ဆွမ်းဆန်စိမ်းလောင်းလူပွဲအပြီးတွင် မိုးညှင်းသမ္မဒ္ဒေစေတီ၊ သာသနာ့အဆောက်အဦပုံနှင့် ဘာသာသာသနာနှင့် ဆက်စပ်သောပုံများ ပါဝင်သော အိမ်တစ်လုံးစာမျှကြီးသော မီးပုံးပျံကြီးကို စုပေါင်းအလှူရှင်များက လွှတ်တင်ကြရာ ပွဲတော်လာသူများအထူးနှစ်ခြိုက်အားပေးခြင်းခံခဲ့ရသည်ကို တွေ့ရသည်။

ကမ္ဘာကျော်မိုးညှင်းသမ္မဒ္ဒေဘုရား ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ဈေးပွဲခင်းကို တန်ဆောင်မုန်းလဆန်း ၁၂ ရက် မှ လပြည့်နေ့ ၁၅ ရက်အထိ မိုးညှင်းသမ္မဒ္ဒေဘုရားဝင်းအပြင်ဘက်တွင် ခင်းကျင်ရောင်းချကြရာ အထူးရောင်းကောင်းခဲ့သည့်အတွက် ဈေးသည်များ မျော်ရွှင်နေကြသည်ကို တွေ့ရသည်။

(အောက်ပုံ)
(၃၉၄)

––*–*–*



တန်ဆောင်မုန်းလပြည့်နေ့ ဦးပိန်တံတားနှင့် အထင်ကရဘုရားစေတီပုထိုးများတွင် ဘုရားဖူးလာရောက်လည်ပတ်သူများနှင့် စည်ကားလျက်ရှိ

မန္တလေး နိဝင်ဘာ ၂၅

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နိဝင်ဘာ ၂၄ ရက် တန်ဆောင်မုန်းလပြည့်နေ့ အခါသမယနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားနှင့် အထင်ကရဘုရား၊ စေတီပုထိုးများတွင် ယနေ့ နံနက်ပိုင်းက စတင်၍ ဘုရားဖူး လာရောက်လည်ပတ်သူများနဲ့ စည်ကားလျက်ရှိသည်။

ထို့အပြင် အမရပူရမြို့နယ်အတွင်းရှိ အထင်ကရဘုရားဖြစ်သည့် ဝေရောဇနကျောက်စိမ်းစေတီနှင့် စွယ်တော်မြတ်ဘုရား စေတီတို့တွင် ဘုရားဖူးလာပြည်သူများအနေဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာတရားများ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားထိုင်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ရေသပ္ပါယ်ခြင်း၊ တံမြက်စည်းလှည်းကုသိုလ်ယူခြင်း၊ ငှက်များအား အစားမဲ့လွတ်ပေးခြင်း စသည့် ကောင်းမှုကုသိုလ်များအား ပြုလုပ်ကြကြောင်း သိရသည်။

(အောက်ပုံ)
(၀၇၅)



Professor ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး နိဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ Professor ကိုယ်ပိုင်အထက်တန်းကျောင်း၌ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုးမြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်းရှိခန်းမဆောင်တွင် ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံစေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကို စတင်ခဲ့ရာ Grade-11 ကျောင်းသူ မအိမ့် မွန် ဖြူနှင့် Grade-8 ကျောင်းသား မောင်စိုင်းမင်းသူက 'လူငယ်နှင့်မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 ကျောင်းသူ မအေးမြတ်မွန်က 'လူငယ်နှင့်စာပေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 ကျောင်းသူ မကြည်ဖြူသန့်နှင့် Grade-6 ကျောင်းသား မောင်ကောင်းမြတ်က 'လူငယ်နှင့် Social Media' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကို အယ်လ်နီညီရာသီဥတုဖြစ်စဉ် အသိပညာပေး သတင်းစကားလက်ကမ်းစာစောင်များ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
အောင်ဖြိုးစင်
(ခရိုင်၊ ပြန်/ဆက်)

––*–*–*



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့။

သောက်သုံးရေပူလုံစေရန် ချို့ယွင်းပျက်စီးနေသည့် စက်ရေတွင်းအား ပြန်လည် ပြုပြင်ပေး

ညောင်ဦး နိဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု၊ ကြို့ပင်တောကျေးရွာတွင် စက်ရေတွင်း ချို့ယွင်းပျက်စီးနေသဖြင့် ဒေသခံပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ ယမန်နေ့က ပုဂံမြို့၊ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က ကျေးရွာနေပြည်သူများသောက်သုံးရေ ဖူလုံစေရန် ချို့ယွင်းပျက်စီးနေသော စက်ရေတွင်း အား သွားရောက် ပြုပြင်ပေးခဲ့သည်။

ညောင်ဦးမြို့နယ် ကြို့ပင်တောကျေးရွာရှိ ဒေသခံပြည်သူများသည်ဓိုက်ပိုရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ထန်းတက်လုပ်ငန်း(ထန်းလျက်ချက်လုပ်ငန်း)ကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားပြုနေရကြောင်း ယခုအခါ စက်ရေတွင်းမှာ နှစ်ကာလကြာမြင့်မှုကြောင့် မော်တာယန္တရနှင့် ဆက်စပ်ပစ္စည်းများ ချို့ယွင်းပျက်စီးနေကြောင်း အဆိုပါ ကျေးရွာဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါ ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းအား ဒေသခံပြည်သူများနှင့် ကျေးရွာရှိ ကျွန်းတိုရဏ္ဍာန်များအတွက် ရာသီမရွေးသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန် ရည်ရွယ်၍ ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က စေတနာအလှူရှင်များနှင့် ကျေးရွာနေပြည်သူများ၏ ပုံပိုးငွေကျပ်သိန်း ၃၀ အသုံးပြု၍ မော်တာနှင့် ဆက်စပ်ပစ္စည်းများကို အသစ်လဲလှယ်တပ်ဆင်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ပြန်လည် ကောင်းမွန်သွားပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကြို့ပင်တောကျေးရွာ၌ ချို့ယွင်းပျက်စီးနေသော စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်၍ ရာသီမရွေးသောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့်ရရှိပြီဖြစ်ရာ ကျေးရွာနေပြည်သူများက ဝမ်းသာပေါ်ရွှင်လျက်ရှိနေကြကြောင်း၊ ယခု ပြုပြင်ဆောင်ရွက်ပေးခဲ့သည့် စက်ရေတွင်းမှာ ညောင်ဦးမြို့နယ်အတွင်း (၁၀၄)တွင်းမြောက် ပြုပြင်လူဒါန်းပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ပရဟိတအဖွဲ့မှ နာယက ဆရာတော် ဘဒ္ဒန္တ သာဂရက မိန့်ကြား၍ သိရသည်။ **(၄၄၅)**

အုပြိုင်းစားနိုင်ငံဝန်ထမ်း ပင်စင်လစာငွေများ ထုတ်ပေး

တောင်တွင်းကြီး နိဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ အငြိမ်းစား ဝန်ထမ်းများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၌ ယနေ့ နံနက် ၈ နာရီမှ စတင် ထုတ်ပေးလျက်ရှိသည်။

အဆိုပါ နိုင်ငံဝန်ထမ်းအငြိမ်းစား ပင်စင်လစာထုတ်ယူသူများ အနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အခက်ခဲမရှိစေရန် အုပ်စုများဖွဲ့၍ သတ်မှတ်ရက်များအတွင်း အလှည့်ကျထုတ်ပေးခြင်း၊ ပင်စင်လစာများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက် မထုတ်ယူနိုင်ပါက မိသားစုဝင်တစ်ဦးဦးကို ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း၊ ပင်စင်လာရောက်ထုတ်ယူရာတွင် အခက်ခဲမရှိစေရန်၊ အဆင်ပြေချောမွေ့စေရန်နှင့် လူစုလူဝေး မဖြစ်စေရန်ဘဏ် ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပင်စင်ထုတ်ယူရာတွင် လစဉ် ၂၁ ရက်မှ လကုန်ရက်အထိ ရုံးဖွင့်ချိန်တွင် ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဦးမျိုး(ဒီဿနိုးမြေ)

အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မချမ်းဘော့ နိဝင်ဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက မန်နိကျေးရွာ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ မချမ်းဘော့မြို့နယ် ခေတ္တမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ် ဦးစီးမှူးထံမှ သိရသည်။

အောင်ရဲကျော်

––*–*–*



(၃၃)ကြိမ်မြောက် တန်ဆောင်တိုင် ဆီမီး လေးထောင် ထွန်းညှိပူဇော်ပွဲကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ သမိုင်းဝင်မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်၌ (၃၃)ကြိမ်မြောက် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၂၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့) ညနေ ၆ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ (၃၃)ကြိမ်မြောက် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲကို သမိုင်းဝင်မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်တွင် စေတီတော်ဂေါပကအဖွဲ့၏ဦးဆောင်မှု၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆီမီးခွက်ပေါင်း လေးထောင်ကို ထွန်းညှိပူဇော်ခြင်းဖြစ်ပြီး ၄င်းဆီမီးထွန်းညှိပူဇော်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

ကလေး-ဖလမ်း လမ်းပိုင်းတစ်လျှောက် မိုင်တိုင်(၇၃-၇၄)ကြား လမ်းဘေးဝဲယာရှိ ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်း

ဖလမ်း နိုဝင်ဘာ ၂၅

ဖလမ်းခရိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကလေး-ဖလမ်း လမ်းပိုင်း တစ်လျှောက် မိုင်တိုင်(၇၃-၇၄) ကြား လမ်းဘေးဝဲယာရှိ ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှု စစ်ဆေးပြီး လမ်းအူကြောင်း ပေါ်လွင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တို အိတ်ချိန်းရုံးသို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေး MPT နှင့် CDMA-MEC တယ်လီဖုန်းဆက်သွယ်ရေး စက်များဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် အခြေအနေများ၊ စက်များထိန်းသိမ်းထားရှိမှုများနှင့် ရုံးအဆောက်အအုံနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအခြေအနေနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံနှင့် ဂိုဒေါင် ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထပ်ဆင့်လွှင့်စက်ရုံ ဝန်ထမ်းအိမ်ရာ နှစ်လုံးပြုပြင်ပြီးစီးမှုအခြေအနေနှင့် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်တွင် ရေသိုလှောင်ထားရှိမှုနှင့် ရပ်ကွက်အတွင်း ရေဖြန့်ဝေပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် ပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည့်အဆောက်အအုံဖြစ်သည့်အတွက် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်း ထိန်းသိမ်းပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၅

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဌာနပေါင်းစုံမှ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက မြို့နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများအနေနဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ ပြည်သူ့ဆက်ဆံရေးကဏ္ဍတွေမှာ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အလွန်အရေးပါပြီး လက်တွေ့သင်တန်းတစ်ခုဖြစ်တဲ့အတွက် သင်တန်းတက်ရောက်ကြမည့် ဝန်ထမ်းများအနေနဲ့ ဂရုတစိုက်သင်ကြားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အခမ်းအနားမှူးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည်။

အဆိုပါ အခမ်းအနားမှူးသင်တန်းကာလကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြ သုံးဦးမှ သင်ခန်းစာများကို စာတွေ့၊ လက်တွေ့၊ သင်ကြားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ဌာနပေါင်းစုံမှ သင်တန်းသား စုစုပေါင်း ၃၀ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့မောင်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



မင်းရာမဘုရား၌ ဆီမီးထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မျော်ဘွယ် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မျော်ဘွယ်မြို့နယ်၊ မင်းရာမဘုရား၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၈)ကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၂၄ ရက်ည ၇ နာရီက အဆိုပါဘုရားတွင် ကျင်းပခဲ့သည်။

(၂၈)ကြိမ်မြောက် ဆီမီးထွန်းညှိပူဇော်ရာတွင် မင်းရာမဘုရားဂေါပကအဖွဲ့မှ ဦးဆောင်၍ ဘုရားဖူးလာပြည်သူများက ဝိုင်းဝန်းထွန်းညှိပူဇော်ခဲ့ကြပြီး တာဝတိသာနတ်ပြည်တွင် တည်ရှိသော ဘုရားလောင်း၏ဆံတော်များကို ဌာပနာပြီး သိကြားမင်းတည်ထားသည့် စူဠာမဏိစေတီတော်အား ပူဇော်သောအားဖြင့် မီးပုံးပျံဖြင့် မီးထွန်းညှိပူဇော်ခဲ့ကြသည်။

မင်းရာမဘုရားကြီးအတွင်း ဘုရားဖူးလာပြည်သူများ၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ဆုတောင်းအဓိဋ္ဌာန်ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုလုပ်လျက်ရှိသလို မီးဝက်ပါအတွင်းသို့ ပျော်ရွှင်စွာဝင်ရောက်ဆင်နွှဲခြင်း၊ ပျော်ပွဲရွှင်ပွဲများ၌ ပါဝင်ကစားခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိကြောင်းနှင့် အဆိုပါပွဲတော်အား တန်ဆောင်မုန်းလပြည့်ကျော် နှစ်ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မင်းမင်းထွေး(မျော်ဘွယ်)



စူပါအယ်လ်နီညို တို့ပြန်နိုင်ရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ညောင်ဦး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် အယ်လ်နီညီဖြစ်စဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူဦးဆောင်၍တပ်ဖွဲ့ဝင် ခုနစ်ဦးတို့ဖြင့် ယမန်နေ့ နံနက် ၁၀ နာရီမှစတင်၍ မီးဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ညောင်ဦး-မြင်းခြံလမ်းမကြီး ဘေးဝဲ၊ ယာတစ်လျှောက်ရှိ စက်သုံးဆီဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လိုက်လံစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးကိစ္စရပ်များ အကြံပြုဆွေးနွေးခြင်း၊ အရေးပေါ်တယ်လီဖုန်းနံပါတ်ပါ ဗီနိုင်းဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိစေခြင်း၊ စက်သုံးဆီဆိုင်များတွင် အသင့်ပြင်ဆင်ထားရှိသော အပေါ့စားမီးသတ်စက်များ အရေးပေါ်အခြေအနေတွင် စွမ်းအားပြည့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာ ပေးဟောပြောခြင်း၊ 191 Report Application အကြောင်း ရှင်းလင်းပြောကြားခြင်းနှင့် ဖုန်းတိုင်းတွင် ထည့်သွင်းအသုံးပြုစေရေး အသိပညာပေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို သက်ဆိုင်ရာဆီဆိုင်ဝန်ထမ်းများနှင့်ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

၀-၀-၀-၀-၀-၀



အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်အမှတ်(၂၅/ခ)၊ ဧရိယာ(၃၀-၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးခင်မောင်ဝင်း(ဘ)ဦးခင်မောင်လတ်(၉/မရမ(နိုင်)၀၇၇၆၃၀) အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ တောင်ဘက်ခြမ်း ပေ(၁၅×၄၅) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ သွပ်မိုးထရံကာ(၂)ထပ် အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမြင့်သိန်း(ဘ)ဦးစက်ခင်(၉/မနတ(နိုင်)၀၁၉၂၀၄)ထံမှ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လတ်လတ်အောင်
(တရားလွှတ်တော်ရှေ့နေ)
(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း ၀၉-၄၄၂၀၅၆၉၈၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၃၁-၄၀)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးမောင်မျိုး(ဘ)ဦးကျော်သောင်း)၊ SGG-၂၀၃၉၅၈(၉/စကန(နိုင်)၁၀၇၀၉၉)အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ သွပ်မိုးထရံကာ(၁)ထပ် အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးကျော်ဇော(ဘ)ဦးပိုက်မောင်(၉/မရတ(နိုင်)၀၉၅၅၂၂)နှင့် ဦးမောင်ထူး(ဘ)ဦးတင်မောင်(၉/မရတ(နိုင်)၀၆၅၇၄၃)တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လတ်လတ်အောင်
(တရားလွှတ်တော်ရှေ့နေ)
(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း ၀၉-၄၄၂၀၅၆၉၈၀

ကုန်အမှတ်တံဆိပ် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ဟေမမာလာတောင်ရပ်ကွက်နေ ဦးရန်ယိုးရှင်(ဘ) ဦးရန်ကျင်ယို(၁၃/တမည(နိုင်)၀၁၂၁၃၈)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

BANDAR BANDAR
BANDAR BANDAR
BANDAR BANDAR
BANDAR BANDAR



အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်လီ/ လက်ကားရောင်းဝယ်ခြင်း အစရှိသည်တို့တွင် အသုံးပြုလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်၏မူပိုင်အဖြစ် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၂၂၇၂/၂၀၂၆)အရ မှတ်ပုံတင်ထားပြီးဖြစ်၍ တံဆိပ်အမည် အမှတ်သားကို အခြားမည်သူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ ရှေ့နောက်စာလုံးပြောင်း၍ဖြစ်စေ၊ စာလုံးတိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။ တုပသုံးစွဲသည်ကို တွေ့မြင်သိရှိရပါက မည်သူကိုမဆို မြန်မာတစ်ဝန်းလုံးရှိ မည်သည့်ဒေသတွင်မဆို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိမွန်ကို(LL.B)(LL.M)	**ဒေါ်ငယ်ငယ်ဖြိုးဝေ(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၁၂၆၃)	**အထက်တန်းရှေ့နေ(စဉ်-၅၃၉၁၃)**
မဟာအောင်မြေမြို့နယ်၊	**၆၈လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊**
မန္တလေးမြို့။	**မဟာအောင်မြေမြို့နယ်။**

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ဦးပိုင်အမှတ်(၆၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၇၁)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့် တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်ပြုံးပြုံးကြည်(ဘ)ဦးကျော်ရင်(၉/မရမ(နိုင်)၀၁၁၀၀၁)၊ ၂။ ဒေါ်ဇာခြည်နွေးငယ်(ဘ)ဦးညွှန့်လှိုင်(၉/မဟမ(နိုင်)၀၀၉၇၀၁)၊ ၃။ ဒေါ်ဟေမာန်ဖွေးငယ်(ဘ)ဦးညွှန့်လှိုင်(၉/မဟမ(နိုင်)၀၀၉၇၀၂)၊ ၄။ ဒေါ်မေသွယ်စိုးငယ်(ဘ)ဦးညွှန့်လှိုင်(၉/မဟမ(နိုင်)၀၁၇၂၀၀)၊ ၅။ ဦးနောင်မင်းဦး(ဘ)ဦးညွှန့်လှိုင်(၉/မဟမ(နိုင်)၀၃၉၁၇၆)နှင့် ၆။ ဒေါ်အိမ့်ခြူးငယ်(ဘ)ဦးညွှန့်လှိုင်(၉/မဟမ(နိုင်)၀၅၄၉၆၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလှဘုန်း (LL.B)
တရားလွှတ်တော်ရှေ့နေ

ဦးရဲဝင်း (LL.B)	**ဦးပြည့်ကိုကို (LL.B)**	**ဒေါ်မြင့်မြင့်အေး (LL.M)**	**ဒေါ်ချောစု (LL.B)**	**ဦးဝင်းမောင် (LL.B)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

မန္တလေးနေ့စဉ်သတင်းစာ၏(၁၄-၁၁-၂၀၂၆)စာမျက်နှာ(၁၉)ရက်စွဲပါ ဦးချစ်လွင်၊ ဦးလှမင်း၊ ဦးချိုတူး၊ ဒေါ်အာစမားဘီ၊ ဒေါ်ဂျမီ(ဦးမောင်မောင်၏အမွေဆိုင်မောင်နှမများအားလုံး)နှင့် ဦးဇော်မင်းလွင်(ZML -ဆောက်လုပ်ရေး)တို့နှင့် အများသိစေရန် ကြေညာချက်အပေါ် ဦးချစ်လွင်-ပါ(၅)ဦးတို့မှ ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့်၃၇လမ်းကြား၊ ၇၃လမ်းနှင့် ၇၄လမ်းကြားနေ (၁)ဦးချစ်လွင်(ဘ)ဦးရီစွတ်(၉/မရတ(နိုင်)၀၇၀၇၀၆)၊ (၂)ဦးလှမင်း(ဘ)ဦးရီစွတ်(၉/မရတ(နိုင်)၀၇၀၆၅၂)၊ (၃)ဦးချိုတူး(ခ)ဦးချစ်ခင်(ဘ)ဦးရီစွတ်(၉/မရတ(နိုင်)၀၇၀၆၆၅)၊ (၄)ဒေါ်အာစမားဘီ(ခ)ဒေါ်ခင်သစ်(ဘ)ဦးရီစွတ်(၉/မရတ(နိုင်)၀၇၀၅၉၅)၊ (၅)ဒေါ်ဂျမီ(ခ)ဒေါ်ခင်ချစ်(ဘ)ဦးရီစွတ်(၁၂/လမန(နိုင်)၁၂၁၂၅၈)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန်ထရိုက်တာ ဦးဇော်မင်းလွင်အပါအဝင် ဦးသန်းမောင်-ပါ(၅)ဦးတို့နှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စက်ြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ ဒေါ်ခင်နှစ်-ပါ(၂)ဦး အမည်ပေါက်ဂရန်မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးဇော်မင်းလွင်(ZML-ဆောက်လုပ်ရေး)နှင့် မြေရှင်တို့နှစ်ဦးသဘောတူ အခန်းပေး-အခန်းယူစနစ်ဖြင့် ဆောက်လုပ်ခဲ့သော အာရ်စီ(၇)ထပ်ခွဲအဆောက်အဦး၌ ဦးသန်းမောင်-ပါ(၅)ဦးတို့သည် ကန်ထရိုက်တာ ဦးဇော်မင်းလွင်ထံမှသာ အခန်းများ အသီးသီးဝယ်ယူခဲ့ကြခြင်းဖြစ်ပါသည်။

(၂၈-၃-၂၀၂၅)ရက်နေ့က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ကန်ထရိုက်တာ ဦးဇော်မင်းလွင်ထံမှ ဝယ်ယူထားသည့် ပဋိညာဉ်စာချုပ်ပါ တိုက်ခန်းများ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်၍ တိုက်ခန်းဝယ်ယူထားသူများအနေဖြင့် ကန်ထရိုက်တာ ဦးဇော်မင်းလွင်နှင့်သာ ဆက်သွယ်ဆောင်ရွက်သင့်ပါသည်။ ကျွန်ုပ်အမှုသည်များနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါ။

ကျွန်ုပ်အမှုသည်များနှင့် ကန်ထရိုက်တာ ဦးဇော်မင်းလွင်တို့ နှစ်ဦးသဘောတူ အခန်းပေးအခန်းယူစနစ်ဖြင့် တိုက်ခန်းဆောက်လုပ်ခြင်းသည် မြေအချိုးကျ ပိုင်ဆိုင်ခံစားပိုင်ခွင့်စနစ်ဖြင့် သဘောတူဆောက်လုပ်ခဲ့ခြင်းမဟုတ်သဖြင့် တိုက်ခန်းဝယ်ယူထားသူများအနေဖြင့် အဆိုပါမြေတွင် အချိုးကျပိုင်ဆိုင်ခွင့်မရှိပါ။ ထို့ပြင် ကျွန်ုပ်အမှုသည်များနှင့် ကန်ထရိုက်တာ ဦးဇော်မင်းလွင်တို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့ကြသော(၁၉-၄-၂၀၁၃)ရက်စွဲပါ အခန်းပေးအခန်းယူစနစ်ဖြင့် တိုက်ခန်းဆောက်လုပ်ခြင်း ကတိစာချုပ်၌ ရန်သူမျိုးငါးပါးကြောင့် အဆောက်အဦးချို့ယွင်းပျက်စီးမှုများရှိမှသာ တိုက်ခန်းပိုင်ရှင်နှင့်မြေရှင်တို့ ညှိနှိုင်းတိုင်ပင်ပြီး စုပေါင်းအချိုးကျခံ၍ ပြန်လည်တည်ဆောက် မွမ်းမံရမည်ဆိုသည့် ကတိကဝတ်သာရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအတွက် မည်သည့်ကတိပဋိညာဉ်မျှမရှိသဖြင့် ကျွန်ုပ်အမှုသည်များတွင် မည်သည့်တာဝန်မျှမရှိပါ။

သို့ပါ၍ မန္တလေးနေ့စဉ်သတင်းစာ၏ (၁၄-၁၁-၂၀၂၆)စာမျက်နှာ(၁၉)ရက်စွဲပါ ဦးသန်းမောင်-ပါ(၅)ဦး၏ အများသိစေရန် ကြေညာခြင်းအပေါ်ကျွန်ုပ်အမှုသည်များမှ လိုက်နာဆောင်ရွက်မည်မဟုတ်ပါကြောင်း ကန်ထရိုက်တာ ဦးဇော်မင်းလွင်အပါအဝင် ဦးသန်းမောင်-ပါ(၅)ဦးတို့နှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်သိန်း(တရားလွှတ်တော်ရှေ့နေ)	**ဒေါ်စန္ဒာခိုင်(တရားလွှတ်တော်ရှေ့နေ)**
LL.B, H.G.P, P.G.D.L, D.B.L, D.I.L	(LL.B)
(စဉ်-၁၀၆၂၅/၂၀၁၆)	(စဉ်- ၁၃၅၀၃/၂၀၁၇)

ဖုန်း ၀၉-၂၅၉၁၂၄၁၀၉၊ ၀၉-၆၅၂၄၆၃၈၉၅၊ ၀၉- ၄၀၂၅၈၉၅၁၄
အမှတ်(၄၀)၊ ၃၅(A)လမ်း၊ ၉၀လမ်းနှင့်၉၁လမ်းကြား၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဘသော အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်သီတာဝင်း(ဘ)ဦးရွင်(၉/ခမစ(နိုင်)၀၁၉၅၆၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးဇေထက်ကျော်(LL.B)

တရားလွှတ်တော်ရှေ့နေ

အကွက်(အ-၁၇/၄၈)၊ (၆၈)(အေ)လမ်းနှင့် (၁၂၀)လမ်းထောင့်၊ (ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၅၁၁၂

"အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၅-စ)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီ အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း(၀ ဒသမ ၀၂၇၅)ဧကရှိ ဂရန်မြေကွက်အား ဦးမျိုးဟန်(ဘ)ဦးကျော်ဟန်(၁၂/စခန(နိုင်)၀၀၀၁၈၂)မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင် အသုံးပြုလျှက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးမျိုးဟန်(ဘ)ဦးကျော်ဟန်(၁၂/စခန(နိုင်)၀၀၀၁၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရံအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝါဝါအောင်(LL.B)

အထက်တန်းရှေ့နေ

၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ကဥဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၉၇၇၅၂၁၈၅၉၊ ၀၉-၉၇၇၅၂၁၈၅၇

အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၄)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဦးသက်စိုး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးသက်စိုး(ဘ)ဦးတင်ရွှေ(၁၃/လရန(နိုင်)၁၀၂၄၁၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဒေါ်တင်နီလာဝင်း

တရားလွှတ်တော်ရှေ့နေ

ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃

ဖခင်အမည်မှန်

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ပညာတိုင်းပြည်ကိုယ်ပိုင်မူလတန်းကျောင်း Grade-4 မှ မလမင်းအိမ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်အရ ဦးဇော်ဆန်းကို ဖြစ်ပါကြောင်း။

ဦးဇော်ဆန်းကို

(၅/အရတ(နိုင်)၁၁၄၂၄၂)

မွေးသက္ကရာဇ်အမှန်

(ဘ)ဦးသောင်းစိန်၏သမီး မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဝင်းလဲ့လဲ့ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ (၂၈.၁.၂၀၀၉) ဖြစ်ပါကြောင်း။

မဝင်းလဲ့လဲ့ဖြိုး(၂၈.၁.၂၀၀၉)

"ZHONGHUA" ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၄လမ်းနှင့် ၈၆လမ်းကြား၊ ၂၅လမ်းနေ ဦးရာဟုလ်ကူမာ(ခ)ဝေလင်းဟန်(ဘ) ဦးပါဗန်းကူမာ(ခ)ဦးမျိုးတင့်(၉/ခအဇ(နိုင်)၀၂၇၀၈၄)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းအများသိစေရန် သတိပေးကြေညာလိုက်ပါသည်။



"ZHONGHUA"

စာချုပ်အမှတ်-(၂၂၄၅/၂၀၂၆)

ကျွန်ုပ်၏မိတ်ဆွေ ဦးရာဟုလ်ကူမာ(ခ)ဝေလင်းဟန်သည် အထက်ဖော်ပြပါ"ZHONGHUA" တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ် စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-(၂၂၄၅/၂၀၂၆)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် (အိမ်သုတ်ဆေးအမျိုးမျိုး)တို့ပေါ်တွင် ကပ်နှိပ်၍ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရာဟုလ်ကူမာ(ခ)ဝေလင်းဟန် ပိုင်"ZHONGHUA"အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍(အိမ်သုတ်ဆေးအမျိုးမျိုး)ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြပါရန် နှင့် မည်သူမဆိုကျွန်ုပ်မိတ်ဆွေ ဦးရာဟုလ်ကူမာ(ခ)ဝေလင်းဟန် ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ခင်နီနီစိုး(LL.B)

(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)

Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

ဖုန်း ၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉

ladylawyer.khinninisoe@gmail.com

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၇၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးရှိန်နိုင် အမည်ပေါက်ရှိသော ဂရန်မြေကွက်မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိက အရောင်းအဝယ်အရပ်ကတိစာချုပ်+နိုင်ကြီ အထွေထွေကိုယ်စားလှယ်ပါဝါတို့အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ- ဒေါ်ထားထားဦး(အဘ)ဦးလှမြင့်(၉/မကန(နိုင်)၀၈၉၆၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်း များနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးနောက်၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ဦးအောင်မြင့်) တရားလွှတ်တော်ရှေ့နေ၏ တပည့်များ

ဦးချစ်ညီညီ (LL.B) **ဦးဆွေသန့်ဝင်း (LL.B)**

(ဥပဒေအကျိုးဆောင်ရှေ့နေများ)

အမှတ်(၂၂၁)၊ ၆၃.လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉၉၊ ၀၉-၆၈၀၀၀၂၀၃၀

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၂)၊ ဦးပိုင်အမှတ်(၁-ဘ +၁-ယ)၊ ဧရိယာ(၀ ဒသမ ၀၀၅၅+၀ ဒသမ ၀၁၁၃)ဧကအကျယ်အဝန်းရှိသော ဦးစိန်အိ(စ)ဦးသန်းလင်း အမည်ပေါက်ဘိုးဘပိုင်မြေကွက်များနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့် တကွနေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို(၂၂-၁၂-၂၀၂၁)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ်(၅၅၀၇/၂၀၂၁)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးကျော်မောင်ထွေး(ဘ)ဦးတုံစိန်အိ(ခ)သန်းလင်း(၉/မရမ(နိုင်)၀၈၇၉၃၅)၊ (၂)ဒေါ်ထိုက်ထိုက်(ဘ)ဦးချစ်ဆွေ(၉/ခအဇ(နိုင်)၀၀၁၄၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန်သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဒေါ်ခင်နီနီစိုး(LL.B)

(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)

Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

ဖုန်း ၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉

ladylawyer.khinninisoe@gmail.com

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



စတုတ္ထအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိလာသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် သုံးစင်းတို့မှ တာဝန်ရှိသူများအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



စတုတ္ထအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်အား တွေ့ရစဉ်။

ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း စတုတ္ထအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ် စစ်ရေယာဉ် Marshal Shaposhnikov၊ ကော်ဗက် စစ်ရေယာဉ် Admiral Tributs နှင့် ထောက်ပံ့ရေး ရေယာဉ် Pechenga တို့သည် မြန်မာနိုင်ငံသို့ စတုတ္ထ အကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ည နေ့ပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော စစ်ရေယာဉ်စုမှူး ဗိုလ်ချုပ် Evgenii Nikolaevich Niasoedov နှင့် အရာရှိ၊ စစ်သည်များသည် ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခန်း (Harbour Phase) များပြုလုပ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ကျောက်ဆည်မြို့နယ်တွင် ဆောင်းနေကြာသီးနှံများ အောင်မြင်ပြစ်ထွန်းလျက်ရှိ

ကျောက်ဆည် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက် ဆည် မြို့နယ် တွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ်၊ ဆောင်းရာသီ၌ နေကြာသီးနှံ ၁၆၉၂ ဧက စိုက်ပျိုးခဲ့ရာ နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းနေကြာသီးနှံများကို တိုက်နယ်(၁)မှ ကျေးရွာအုပ်စုများတွင် ဧက ၂၈၀ ၊ တိုက်နယ်(၄)မှ ကျေးရွာအုပ်စုများတွင် ၁၇ ဧက၊ တိုက်နယ်(၅)မှ ကျေးရွာအုပ်စုများတွင် ၅၅ ဧက၊ တိုက်နယ်(၆)မှ ကျေးရွာအုပ်စုများတွင် ၁၁၂၄ ဧက၊ တိုက်နယ်(၈)မှ ကျေးရွာအုပ်စုများတွင် ၅၄ ဧက၊ တိုက်နယ်(၁၁)မှ ကျေးရွာအုပ်စုများတွင် ၁၆၆ ဧက၊ တိုက်နယ်(၁၂)မှ ကျေးရွာအုပ်စုများတွင် ၁၆၆ ဧက၊ စုစုပေါင်း ၁၆၉၂ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေမိမခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နေကြာတစ် ဧက (၁၅)တင်းမှ (၂၅)တင်းကျော် ထွက်ရှိရေး တောင်သူများနှင့်ပူးပေါင်းကာ မြေအမျိုးအစားနှင့် ရာသီဥတု အပေါ်မူတည်၍ ဒေသနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်ရှိသော ရေဆင်းစပ်မျိုး(၁)နေကြာမျိုးများကို တစ်ဧကသုံးပြည်နှုန်း အသုံးပြုစေပြီး သတ်မှတ်အပင်ရေ ၂၉၀၀၀ ဝင်ဆံ့စေရန် တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မဖြင့် တစ်ကျင်းလျှင်မျိုးစေ့ နှစ်စေ့နှုန်းဖြင့် အပင်ပေါက်သေချာစေရန် မြေတွင်းအဆိုဓာတ် လုံလောက်ရှိနိုင်ရန် အနက် တစ်လက်မခွဲမှ နှစ်လက်မ အတွင်း စနစ်တကျစိုက်ပျိုး ကြစေရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၅)**

o–o–o–o–o

မြဝတီအသင်းကို သုံးဂိုး၊ ဂိုးမရှိပြင့် အနိုင်ယူပြီး ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၂၅

M League 2026 လက်ကျန်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန် အသင်းက သုံးဂိုး၊ ဂိုးမရှိဂိုးပြတ်ဖြင့် မြဝတီအသင်းကို အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းအတွက် ဟိန်းဖြိုးဝင်းက ပထမပိုင်း ၈ မိနစ်တွင် သွင်းယူပေးခဲ့ပြီး မောင်မောင်လွင်က ပွဲမိုန့် ၇၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့်သွင်းယူပေးခဲ့သည်။ ရန်ကုန်အသင်းအတွက် အဆုံးသတ်အနိုင်ဂိုးကို သာယာဝင်းထက်က မောင်မောင်လွင် ၏ ပေးပို့မှုတစ်ဆင့်သွင်းယူပေးခဲ့ပြီး သုံးဂိုး၊ ဂိုးမရှိဖြင့် မြဝတီအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၆ ပွဲကစားပြီးချိန်တွင် ၅ ပွဲနိုင်၊ ၁ ပွဲရှုံး၊ ရမှတ် ၁၅ မှတ်ဖြင့် အဆင့် ၃ နေရာတွင်ရပ်တည်နေပြီး လာမည့် နိုဝင်ဘာ ၂၉ ရက်တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(NGB)**



၂၀၂၈ ကိုပါအမေရိကဖလား ပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ကျင်းပမည်

လန်ဒန် နိုဝင်ဘာ ၂၅

တောင်အမေရိကဒေသ၏ အဆင့်အမြင့်ဆုံး ဘောလုံးပြိုင်ပွဲဖြစ်သည့် ၂၀၂၈ ကိုပါ အမေရိက ဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်နှင့် ကွန်ကာကပ်ဖ်ဘောလုံးအဖွဲ့ချုပ်တို့က အတည်ပြုကြေညာခဲ့သည်။

ကိုပါအမေရိကဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ ၂၀၂၄ခုနှစ် တို့တွင် ကျင်းပခဲ့ဖူးပြီး ယခု ၂၀၂၈ ခုနှစ်တွင် ဆက်လက်ကျင်းပလာခြင်းဖြစ်သည်။

၂၀၂၈ ကိုပါအမေရိကဖလား ပြိုင်ပွဲတွင် တောင်အမေရိက(၁၀) သင်းနှင့် ကွန်ကာကပ်ဖ်(၆)သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ကွန်ကာကပ်ဖ်မှ ယှဉ်ပြိုင်ခွင့် ရမည့်(၆)သင်းကို ၂၀၂၇ ကွန်ကာကပ်ဖ်ရွေဖလားပြိုင်ပွဲမှ စွမ်းဆောင်ရည်ဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။

(၄၉)ကြိမ်မြောက် ၂၀၂၈ ကိုပါ အမေရိကဖလားပြိုင်ပွဲကို ၂၀၂၈ ခုနှစ် ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

နိုင်ကမ္ဘာ

o–o–o–o–o

o–o–o